
အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့



# အမှောင်ကြားက အင်တာနက်၊ အန္တရာယ်ကြားက လူ့အသက်

## *အင်တာနက်ဖြတ်တောက်ခြင်းဆိုင်ရာ သုတေသန လေ့လာချက်*



၂၀၂၂ ခုနှစ်၊ မေလ

# "အမှောင်ကြားက အင်တာနက်၊ အန္တရာယ်ကြားက လူ့အသက်"

# အင်တာနက်ဖြတ်တောက်ခြင်းဆိုင်ရာ သုတေသန လေ့လာချက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **အခန်း (၁)** | **နိဒါန်း** | ၁ |
| (၁.၁) | ၂၀၀၇ အင်တာနက် ဖြတ်တောက်မှု | ၁ |
| (၁.၂) | ၂၀၁၉ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အင်တာနက်ဖြတ်တောက်ခြင်း | ၂ |
| (၁.၃) | အင်တာနက် ဖြတ်တောက်ခြင်းဆိုင်ရာ နိုင်ငံတကာ စံနှုန်းများ | ၃ |
| **အခန်း (၂)** | **၂၀၂၁ခုနှစ် တတိုင်းပြည်လုံး အမှောင်ခေတ် တဖန်ပြန်ရောက်ခြင်း (သို့မဟုတ်) လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖုံးကွယ်ရန် အင်တာနက်ကို ဖြတ်တောက်ထားခြင်း** | ၆ |
| (၂.၁) | တနိုင်ငံလုံးအတိုင်းအတာ အင်တာနက်ဖြတ်တောက်ခြင်း | ၆ |
| (၂.၂) | ရက်ရှည်အင်တာနက်ဖြတ်တောက်ခြင်း | ၆ |
| (၂.၃) | သီးခြားအချိန် (သို့မဟုတ်) နေ့ရက်များတွင် အင်တာနက်ဖြတ်တောက်ခြင်း | ၇ |
| | (က) NUG အစည်းအဝေး လုပ်နေချိန်တွင် ဖြတ်တောက်ခြင်း | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ခ) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဖြတ်တောက်ခြင်း | |
| (၂.၄) | အင်တာနက် မြန်နှုန်းလျှော့ချခြင်းနှင့် အင်တာနက် စျေးနှုန်း မြင့်တက်ခြင်း | ၇ |
| **အခန်း (၃)** | **နေရာ၊ ဒေသအလိုက် အင်တာနက်ဖြတ်တောက်ခြင်း** | **၈** |
| (၃.၁) | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀ |
| (၃.၂) | မကွေးတိုင်းဒေသကြီး | ၁၂ |
| (၃.၃) | မန္တလေးတိုင်းဒေသကြီး | ၁၃ |
| (၃.၄) | ချင်းပြည်နယ် | ၁၄ |
| (၃.၅) | ကယားပြည်နယ် | ၁၅ |
| (၃.၆) | ကချင်ပြည်နယ် | ၁၆ |
| (၃.၇) | အင်တာနက် ရက်ပိုင်း ဖြတ်တောက်ခံရသော အခြားနေရာဒေသများ | ၁၇ |
| **အခန်း (၄)** | **လက်ရှိအင်တာနက် သုံးစွဲနေမှု အခြေအနေ** | **၁၉** |
| (၄.၁) | အင်တာနက်နှင့် ဆက်သွယ်ရေးဖုန်းလိုင်းများ ဖြတ်တောက်ထား ခြင်း၏ နောက်ကွယ် | ၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၄.၂) | အင်တာနက်ဖြတ်တောက်ခံရခြင်းနှင့် ဒေသခံတို့၏ လုံခြုံရေး | ၂၁ |
| (၄.၃) | အင်တာနက်ဖြတ်တောက်ခံထားရပြီး နောက်ပိုင်းအခြေအနေ | ၂၃ |
| (၄.၄) | အင်တာနက်ဖြတ်တောက်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားသော ကဏ္ဍများအပေါ် ထိခိုက်နစ်နာမှုများ | ၂၄ |
| **အခန်း (၅)** | **အင်တာနက်ဖြတ်တောက်ခြင်းနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများ** | ၂၉ |
| (၅.၁) | အပြစ်မဲ့ပြည်သူများကိုပါ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း | ၂၉ |
| (၅.၂) | လူနေအိမ်များနှင့် ရွာလုံးကျွတ်မီးရှို့ခံရခြင်းများ | ၃၀ |
| (၅.၃) | အရပ်သားပြည်သူများကို မတရားဖမ်းဆီးခြင်းများ | ၃၁ |
| (၅.၄) | အမျိုးသမီးများအား အကြမ်းဖက်မုဒိမ်းကျင့်သတ်ဖြတ်ခြင်းများ | ၃၃ |
| **အခန်း (၆)** | **အကြံပြုချက်များ** | ၃၄ |
| (၆.၁) | သုတေသနနည်းလမ်း | ၃၄ |
| (၆.၂) | သုတေသန စိန်ခေါ်ချက် | ၃၄ |

# အခန်း (၁) နိဒါန်း

အင်တာနက်သည် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အရေးတို့ကို မြှင့်တင်ရာတွင် ဆက်သွယ်မှု ကြားခံကိရိယာတစ်ခုအဖြစ် လွန်စွာမှ အရေးပါသည်။ နေ့စဉ်လူနေမှုဘဝတွင် အင်တာနက်သည် မရှိမဖြစ် ဖြစ်လာပြီး ဆက်သွယ်ရေး၊ သတင်းအချက်အလက်မျှဝေရေး၊ ပညာရေး၊ ကျန်းမာရေးမှစကာ နိုင်ငံသားတစ်ဦး၏ နိုင်ငံ့အရေးများတွင် ပါဝင်နိုင်လာသည်အထိ ပြောဆိုခြင်း၊ ရေးသားခြင်း၊ သတင်းအချက်အလက် ဖြန့်ဖြူးခြင်းစသည့် လုပ်ငန်းဆောင်တာများတွင် မရှိမဖြစ် ဖြစ်သည်။ ကမ္ဘာနှင့်အဝန်းတွင်လည်း အင်တာနက်ရရှိခြင်းသည် အခြေခံကျသော လူ့အခွင့်အရေး (ရပိုင်ခွင့်) တစ်ခုဖြစ်လာသည်။ သို့သော်လည်း အာဏာရှင်နိုင်ငံများနှင့် အာဏာရှင်ဆန်သော နိုင်ငံ့ခေါင်းဆောင်များသည် လူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိတ်ပင်ရန်၊ ဖိနှိပ်ရန် အင်တာနက်ကို လက်နက်သဖွယ် အသုံးချလာကြသည်။

မြန်မာနိုင်ငံကဲ့သို့ အာဏာရှင်အဆက်ဆက် အုပ်ချုပ်ခံခဲ့ရသောနိုင်ငံတွင် အင်တာနက်သည် လူထုကို ဖိနှိပ်ရန်၊ အာဏာရှင်တို့၏ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖုံးကွယ်ရန်အတွက် ဖြတ်တောက်ခံရလေ့ရှိသည်။ မြန်မာနိုင်ငံတွင် အင်တာနက်ဖြတ်တောက်ခံရမှုကို ပြန်ကြည့်လျှင် အချိန်ကာလ ၃ ခုကို အဓိကတွေ့ရသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၈ရက်နေ့ ရွှေဝါရောင်အရေးအခင်းကာလအတွင်း ဖြစ်ပွားခဲ့သော အင်တာနက်ဖြတ်တောက်ခြင်းသည် မြန်မာနိုင်ငံတွင် အစောဆုံးချိုးဖောက်ခံရခြင်းဖြစ်သည်။

ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ဆိုရှယ်မီဒီယာအသုံးပြုသူ ၂၉ သန်း ရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဆိုရှယ်မီဒီယာအသုံးပြုသူ ၉ သန်းဝန်းကျင်နီးပါး လျော့ကျခဲ့ပြီး နိုင်ငံအတွင်း ဆိုရှယ်မီဒီယာအသုံးပြုသူ သန်း ၂၀ ကျော်မျှသာရှိကြောင်း သိရှိရသည်။[1]

## (၁.၁) ၂၀၀၇ အင်တာနက် ဖြတ်တောက်မှု

ရွှေဝါရောင်တော်လှန်ရေးသည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ ဝန်းကျင်တွင် စတင်ခဲ့ပြီး ထိုအချိန်ကာလတွင် မြန်မာပြည်လူဦးရေ၏ ၁ ရာခိုင်နှုန်းခန့်သာ အင်တာနက်အသုံးပြုနိုင်ခဲ့ သည်။[2] သို့သော် ရွှေဝါရောင်တော်လှန်ရေးအတွင်း စစ်တပ်၏ ဆန္ဒပြလူထုအပေါ် ဖိနှိပ်ဖြိုခွင်းမှု ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကူးနိုင်ခဲ့ပြီး ကမ္ဘာ့မီဒီယာကြီးများသို့ ပေးပို့နိုင်ခဲ့သည်။

[1] https://datareportal.com/digital-in-myanmar

[2] Internet Access Cut Off in Burma. (2007, September 28). *The Guardian.* https://www.theguardian.com/world/2007/sep/28/burma.marktran

ထိုအချိန်က သတင်းဓာတ်ပုံနှင့် ဗီဒီယိုများအား အင်တာနက်ကဖေးဆိုင်များမှတဆင့် အများဆုံး ပေးပို့ခဲ့ကြ ရသည်။ ထို့သို့ အင်တာနက်သုံး၍ သတင်းဓာတ်ပုံများ ပေးပို့နေမှုကို တားဆီးရန် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်အား စစ်တပ်မှ ဝင်ရောက် စီးနင်းခဲ့သည်။ ရွှေဝါရောင်တော်လှန်ရေး၏ အဓိက တောင်းဆိုချက်များမှာ ကုန်ဈေးနှုန်း ကျဆင်းရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရေးနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးတို့ဖြစ်သည်။[3]

## (၁.၂) ၂၀၁၉ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အင်တာနက်ဖြတ်တောက်ခြင်း

ဒီမိုကရေစီအမည်ခံ အစိုးရဖြစ်သည့် NLD အစိုးရလက်ထက်မှာပင် မြန်မာပြည်၏ ၁.၄ သန်း ဝန်းကျင်ရှိသော လူဦးရေသည် အင်တာနက်ဖြတ်တောက်ခံခဲ့ရပြီး လူ့အခွင့်အရေး ချိုးဖောက်မှု များအား တွေ့ကြုံခံစားခဲ့ရသည်။[4] ၂၀၁၉ ခုနှစ် ဇွန်လတွင် ရခိုင်ပြည်နယ်ရှိ ၈ မြို့နယ်နှင့် ချင်း ပြည်နယ် ပလက်ဝမြို့အား ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ အင်တာနက်လိုင်းများကို ဖြတ် တောက်ပစ်ခဲ့သည်။ ထိုနေရာများကို သတင်းအမှောင်ချရန် ၁ နှစ်ကျော်ကြာ အင်တာနက် ပိတ်ခဲ့ပြီး ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် 2G အင်တာနက်သာ ပြန်ဖွင့်ပေးခဲ့သည်။[5] ထိုသို့ အင်တာနက်ဖြတ်တောက်ထားမှုကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် သတင်းအချက် အလက် လက်လှမ်းမီမှု၊ ရရှိမှုနှင့် ဖြန့်ဝေမှုတွင် အဓိက နစ်နာဆုံးရှုံးမှုများရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ ရရှိခြင်းမရှိခဲ့ဘဲ အရေး ပေါ် ကျန်းမာရေးဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်များတွင် နှောင့်နှေးခြင်းများ၊ သတင်းမှန် မရရှိသည့်အတွက်လည်း ကြိုတင်ကာကွယ်နိုင်မှုများအားနည်းကာ ကိုဗစ်ဒုတိယလှိုင်းတွင် ရောဂါကူးစက်မှုနှုန်း မြင့်တက်ခဲ့ကြရသည်။[6] အင်တာနက် ဖြတ်တောက်ခံထားရခြင်းကြောင့် ဒေသခံပြည်သူများ၏ နေ့စဥ် လူမှုစီးပွားဘဝတွင် အခက်အခဲများစွာရှိပြီး ပညာရပ်ပိုင်းဆိုင်ရာ လေ့လာသင်ယူမှုတွင်လည်း များစွာထိခိုက်ခဲ့ရသည်။[7]

---

[3] Falise, Thierry. Saffron Revolution: A Rangoon Diary. (2007, September 20). *The Irrawaddy.* https://www.irrawaddy.com/from-the-archive/saffron-revolution-rangoon-diary.html

[4] Newman, Lily Hay. Myanmar Internet Shutdown Is an Act of 'Vast Self-Harm. (2021, April 2). *Weird.* https://www.wired.com/story/myanmar-internet-shutdown/

[5] Freedom on the Net 2020. *Freedom House.* https://freedomhouse.org/country/myanmar/freedom-net/2020

[6] "A Study on the access to information and digital rights". (December 2020). *Athan.*

[7] ibid

## (၁.၃) အင်တာနက်ဖြတ်တောက်ခြင်းဆိုင်ရာ နိုင်ငံတကာ စံနှုန်းများ

ပြည်သူများ အင်တာနက်သုံးစွဲခွင့်ကို အစိုးရက ဟန့်တားရန် အင်တာနက်ဝန်ဆောင်မှုများကို နှောင့်ယှက်စဉ် အင်တာနက်လိုင်း ပြတ်တောက်လေ့ရှိ၏။ အင်တာနက်လိုင်း လုံးဝ ဖြတ်ပစ်ခြင်း၌ ပြည်သူဦးရေ အတော်များများကို အင်တာနက်အသုံးပြုခွင့် ဆုံးရှုံးသွားစေသည့် လျှပ်စစ်မီး ဖြတ်တောက်ခြင်းလည်း ပါဝင်၏။ အခြားနည်း ပရိယာယ်များအနက် နည်းပညာပိုင်းအရ အင်တာနက်လိုင်းကို တစ်စိတ်တစ်ပိုင်းမျှသာ ပိတ်ထားသော်လည်း အင်တာနက်အသုံးပြုခွင့်ကိုမူ သိသိသာသာ ဖြတ်တောက်ပစ်နိုင်သော နည်းလည်း ပါဝင်၏။ ဥပမာအားဖြင့်- အစိုးရက အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအား ဝဘ်ဆိုက်အများစုကို ဖွင့်မရလောက်အောင် ချိတ်ဆက်မှု နှေးကွေးစေရန် အမိန့်ပေးနိုင်၏။ သို့မဟုတ် မိုဘိုင်းဖုန်းဒေတာ ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်တန့်စေသော နည်းဖြင့်လည်း ဖုန်းလိုင်းများမှတစ်ဆင့်သာ အသုံးပြုနိုင်သူများအတွက် အင်တာနက်လိုင်းများကို ထိထိရောက်ရောက် ပိတ်ဆို့ထားနိုင်၏။

အစိုးရများသည် သီးခြားဝဘ်ဆိုဒ်များသို့ ဝင်ရောက်ခွင့်ကို သတ်သတ်မှတ်မှတ် ပိတ်ဆို့လိုက်ခြင်း ကဲ့သို့သော အခြားနည်းလမ်းများဖြင့်လည်း အင်တာနက်ကို အနှောင့်အယှက်ပေးနိုင်၏။ ၎င်းတို့ မနှစ်သက်သော ဆိုက်များကို "အမည်ပျက်စာရင်း"အတွင်း အများအပြား ထည့်သွင်းလိုက်ခြင်း သို့မဟုတ် ဆိုရှယ် မီဒီယာကဲ့သို့သော လူ ကြိုက်များသည့် ဆိုက်များကို ပိတ်ပစ်လိုက်ခြင်းစသည့် အစိုးရပိတ်ပင်မှုများ အရှိန်အဟုန်ပြင်းလာသောအခါ ယင်းတို့၏ အကျိုးသက်ရောက်မှုမှာ အင်တာနက်လိုင်း လုံးဝ ဖြတ်ပစ်လိုက်ခြင်းနှင့် တန်းတူပင် ဆိုးရွားလေ၏။ လက်တွေ့အားဖြင့် အစိုးရများသည် အင်တာနက်အသုံးပြုခွင့်ကို ကန့်သတ်ရန် နည်းဗျူဟာမျိုးစုံကို ရောနှော အသုံးပြုလေ့ရှိပြီး၊ လျှပ်စစ်မီး လုံးဝဖြတ်တောက်ခြင်းကိုလည်း အခြားကန့်သတ်ချက်များနှင့် အတူ ပြောင်းသုံးလေ့ရှိ၏။[8]

နည်းပညာဆိုင်ရာ ကိရိယာ သို့မဟုတ် နည်းလမ်းကို အသုံးပြုသည်ဖြစ်စေ အခြားနည်းဖြင့် ဖြစ်စေ လူပုဂ္ဂိုလ်များ အင်တာနက်သို့ ဝင်ရောက်ခြင်းအား သိသိသာသာ တားဆီးသော ဝင်ရောက်စွက်ဖက်မှုမှန်သမျှသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက်တွင် အလားတူ စိုးရိမ်မှုများ မြင့်တက်စေသည်။ လူ့အခွင့်အရေးဥပဒေအရ အကာအကွယ်ပေးထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွင် သတင်းရယူပိုင်ခွင့်လည်း ပါဝင်သည်။ ယင်း၌

[8] Steven Feldstein ၏ "အစိုးရ အင်တာနက်ပိတ်ပစ်ခြင်း၌ အပြောင်းအလဲများ ရှိနေပြီ။ နိုင်ငံသားများနှင့် ဒီမိုကရေစီသမားတို့က မည်သို့ တုံ့ပြန်သင့်သနည်း" ဆောင်းပါး။ Carnegie Endowment for International Peace, 31 March 2022, https://carnegieendowment.org/2022/03/31/government-internet-shutdowns-are-changing.-how-should-citizens-and-democracies-respond-pub-86687.

မျက်မှောက်ခေတ် လက်ရှိလူ့အဖွဲ့အစည်းအတွင်း သတင်းရယူခြင်းနှင့် မျှဝေခြင်းတို့အတွက် မရှိမဖြစ် လိုအပ်သော အင်တာနက်ကို အသုံးပြုခွင့်လည်း အကျုံးဝင်လေ၏။[9]

အစိုးရများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းရယူခွင့်ကို ကန့်သတ်နိုင်သော်လည်း အချက် ၃ ချက်ပါ စစ်ဆေးချက်အား အတိအကျ လိုက်နာရန် လိုအပ်၏။[10] ဤဆန်းစစ်ချက်အရ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်အပေါ် မည်သည့် ကန့်သတ်ချက်မျိုးမဆို-

(၁) ဥပဒေနှင့်အညီ ဖြစ်စေရမည်။

(၂) နိုင်ငံတော်လုံခြုံရေး၊ ပြည်သူ့လုံခြုံရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားများ သို့မဟုတ် အခွင့်အရေးများ သို့မဟုတ် အခြားသူများ၏ ဂုဏ်သတင်းများကို ကာကွယ်ရန်အတွက်သာ ဖြစ်စေရမည်။

(၃) ထိုအကျိုးစီးပွားများထဲမှ တစ်ခုကို ကာကွယ်ရန်နှင့် ပကတိအခြေအနေနှင့် အချိုးညီသော ကန့်သတ်မှုဖြင့်သာ တုံ့ပြန်ရန် လိုအပ်သည်။ ဆိုလိုသည်မှာ ကာကွယ်ရမည့် အကျိုးစီးပွားသည် ဥပမာအားဖြင့် နိုင်ငံတော်လုံခြုံရေးဖြစ်နေစေကာမူအစိုးရသည် နိုင်ငံတော်လုံခြုံရေးအတွက် စိုးရိမ်သဖြင့် ကန့်သတ်ရသည်ဟု ယေဘုယျသဘောကိုးကားပြောဆိုခြင်းမပြုအပ်။ ယင်းအစား ကန့်သတ်ချက်ကို ပကတိအခြေအနေနှင့် အံဝင်ခွင်ကျဖြစ်အောင်သာ စီမံသင့်၏။ အမျိုးသားလုံခြုံရေး အကျိုးစီးပွားသက်သက်ကို ကာကွယ်ရန် လိုအပ်သည့် အတိုင်းအတာအထိရောက်မှသာ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်ကို ကန့်သတ်သင့်သည်။[11]

အင်တာနက် ဖြတ်တောက်ခြင်းသည် ဤစံနှုန်းများနှင့် မည်သည့်အခါမျှ ကိုက်ညီမည်မဟုတ်သည့်အပြင် နိုင်ငံတကာဥပဒေအရလည်း အမြဲတစေ လွဲသွေနေမည်သာ ဖြစ်လေ၏။[12] စိတ်ကူးထင်ရာ အမိန့်စာထုတ်ပြန်ကာ ကန့်သတ်ခြင်းစသော အင်တာနက် ဖြတ်တောက်ခြင်းမျိုးသည် တရားဥပဒေနှင့်အညီ မဟုတ်သ၍ အထက်ဖော်ပြပါ စစ်ဆေးချက်တစ်ခုခုအရ အလိုအလျောက်ပင် မလျော်ကန်သော ကန့်သတ်မိန့်အဖြစ် သတ်မှတ်ပြီး ဖြစ်လေ၏။ ထို့အတူ

---

[9] ဥပမာအားဖြင့်- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊ ဆုံးဖြတ်ချက်အမှတ် ၄၄/၁၂၊ ၂၀၂၀ ခုနှစ် ဇူလိုင်လ ၁၆ ရက်၊ အပိုဒ် ၈(ဇ)(iii) ကို ကြည့်ပါ။ http://undocs.org/A/HRC/RES/44/12.

[10] *နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR)* အပိုဒ် ၁၉၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် အပိုဒ် ၁၃။

[11] လူ့အခွင့်အရေး ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၃၄၊ အပိုဒ် ၁၉၊ လွတ်လပ်စွာ ထင်မြင်ချက်နှင့် ထုတ်ဖော်ပြောဆိုခွင့်၊ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့၊ အပိုဒ် ၃၄၊ undocs.org/CCPR/C/GC/34.

[12] လွတ်လပ်စွာ ထင်မြင်ချက်နှင့် ထုတ်ဖော်ပြောဆိုခွင့် မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက်နေ့၊ အပိုဒ် ၉-၁၄၊ undocs.org/A/HRC/35/22.

မလျော်ကန်သော ရည်ရွယ်ချက်တစ်ခု (ဥပမာ- နိုင်ငံရေးအတိုက်အခံများကို အသံတိတ်စေရန်) အတွက် ကန့်သတ်လျှင် စစ်ဆေးချက် အပိုင်း-၂ နှင့် ကိုက်ညီမည် မဟုတ်ချေ။ သို့သော် အင်တာနက် ဖြတ်တောက်ခြင်းသည် တရားဝင်ခွင့်ပြုထားပြီး သင့်လျော်သောရည်ရွယ်ချက်အရ ပြုလုပ်သည်ဟု ဆိုလျှင်ပင် တတိယစစ်ဆေးချက်နှင့် မည်သည့်အခါမျှ ကိုက်ညီမည် မဟုတ်ချေ။ ဥပဒေနှင့်အညီ အများသူငါ ဘေးကင်းရေး သို့မဟုတ် လုံခြုံရေးအတွက် စိုးရိမ်သဖြင့် အင်တာနက်အသုံးပြုခွင့်ကို လုံးဝဖြတ်တောက်ခြင်းသည် အမြဲတမ်း ပြုလုပ်နေရန် မလိုအပ်သည့် အပြင် ပကတိအခြေအနေနှင့် အချိုးမညီသော ကန့်သတ်ချက်မျိုးသာ ဖြစ်လေ၏။

အချုပ်အားဖြင့်ဆိုသော် အင်တာနက်လိုင်း ပိတ်ပစ်ခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်၏။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းရယူခွင့်အတွက် ကာကွယ်စောင့်ရှောက်မှုများအရ ထိုသို့ ပိတ်ဆို့ခြင်းကို ခွင့်မပြုချေ။ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများအပါအဝင် အခြားသော အခွင့်အရေးများအပေါ် အပျက်သဘော ဆောင်သော သက်ရောက်မှုများ ဖြစ်စေ၏။ နည်းပညာအရ လုံးဝ ပိတ်ပစ်ခြင်း မဟုတ်သော်လည်း ယင်းတို့၏ သက်ရောက်မှုများနှင့်ဆင်တူသော လူကြိုက်များသည့် ဝဘ်ဆိုဒ်များနှင့် ဆိုရှယ် ပလက်ဖောင်းများကို ကျယ်ကျယ်ပြန့်ပြန့် ပိတ်ဆို့ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များသည် နိုင်ငံတကာလူ့အခွင့် အရေးဥပဒေအရလည်း လက်ခံနိုင်ဖွယ် မရှိချေ။

## အခန်း (၂) ၂၀၂၁ ခုနှစ် တတိုင်းပြည်လုံး အမှောင်ခေတ် တဖန်ပြန်ရောက်ခြင်း (သို့မဟုတ်) လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖုံးကွယ်ရန် အင်တာနက်ကို ဖြတ်တောက်ထားခြင်း

၂၀၂၁၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မနက်အာရုံချိန် အာဏာမသိမ်းခင် နာရီပိုင်းအလိုကတည်းက တနိုင်ငံလုံးအတိုင်းအတာဖြင့် အင်တာနက်လိုင်း၊ ဖုန်းလိုင်းများအား ဖြတ်တောက်ပစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အင်တာနက်ဖြတ်တောက်မှုပုံစံ အဓိကအားဖြင့် ၂ မျိုးတွေ့ရသည်။ (၁) တနိုင်ငံလုံးအတိုင်းအတာ အင်တာနက်ဖြတ်တောက်ခြင်းနှင့် (၂) နေရာဒေသ အပိုင်းအခြားအရ ဖြတ်တောက်ခြင်းတို့ ဖြစ်သည်။

### (၂.၁) တနိုင်ငံလုံးအတိုင်းအတာ အင်တာနက်ဖြတ်တောက်ခြင်း

တနိုင်ငံလုံးအတိုင်းအတာ အင်တာနက်ဖြတ်တောက်ခြင်းတွင် (၁) ရက်ရှည်ဖြတ်တောက်ခြင်း၊ (၂) သီးခြားအချိန် (သို့မဟုတ်) နေ့ရက်များတွင် ဖြတ်တောက်ခြင်း (၃) အင်တာနက်မြန်နှုန်း လျှော့ချခြင်းနှင့် အင်တာနက်ဈေးနှုန်း မြင့်တက်ခြင်းဟူ၍ နည်းလမ်း ၃ ခုဖြင့် အင်တာနက် အသုံးပြုနိုင်မှုအား ဖိနှိပ်နေသည်ကို တွေ့ရသည်။ အာဏာသိမ်းစ အစောပိုင်းနေ့ရက်များနှင့် အစောပိုင်းလများတွင် တနိုင်ငံလုံးအနှံ့ ရက်ရှည်အင်တာနက်ဖြတ်တောက်ခြင်းများကို အာဏာသိမ်းစစ်တပ်မှ ပြုလုပ်ခဲ့သည်။

### (၂.၂) ရက်ရှည်အင်တာနက်ဖြတ်တောက်ခြင်း

အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မနက်အစောပိုင်းအချိန်မှစ၍ တနိုင်ငံလုံး အတိုင်းအတာ မိုဘိုင်းအင်တာနက်လိုင်းများ၊ ဖုန်းလိုင်းများ ဖြတ်တောက်ခဲ့သည်။ ၁ ရက်နေ့ နေ့လည်ခင်းပိုင်းတွင် ပြန်လည်ရရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၇ ရက်နေ့အတွင်း နိုင်ငံတစ်ဝန်းလုံး၌ နာရီပေါင်း ၃၀ ဝန်းကျင် ထပ်မံ ဖြတ်တောက်ခဲ့သည်။ အင်တာနက်မိုဘိုင်းလိုင်းများ၊ ဝိုင်ဖိုင်များအား ဖေဖော်ဝါရီ ၁၄ ရက်နေ့မှ မတ်လ ၁၅ ရက်နေ့ထိ မနက် ၁ နာရီမှ ၉ နာရီထိ ပုံမှန်လိုင်းဖြတ်တောက်ခဲ့ပြီး မတ်လ ၁၅ ရက်နေ့ မနက် ၁ နာရီမှ ဧပြီလ ၂၈ ရက်နေ့ထိ တနိုင်ငံလုံးအတိုင်းအတာဖြင့် ၂၄ နာရီလုံး မိုဘိုင်းအင်တာနက်လိုင်းများအား ဖြတ်တောက်ခဲ့သည်။[13]

[13] Article 19. (2021). "Unplugged in Myanmar, internet restrictions following the military coup". Available at (Unplugged in Myanmar, "Internet restrictions following the military coup", 9 July 2021, Article 19.)

## (၂.၃) သီးခြားအချိန် (သို့မဟုတ်) နေ့ရက်များတွင် အင်တာနက်ဖြတ်တောက်ခြင်း

### (က) NUG အစည်းအဝေး လုပ်နေချိန်တွင် ဖြတ်တောက်ခြင်း

၂၀၂၁၊ ဇွန်လ ၄ ရက်နေ့၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည့်အချိန်တွင် အာဏာသိမ်းအကြမ်းဖက်စစ်တပ်မှ နိုင်ငံအနှံ့ရှိ တယ်လီကွန်းကုမ္ပဏီများအား မိုဘိုင်းအင်တာနက်များ ဖြတ်တောက်ခိုင်းခဲ့ပြီး ဝိုင်ဖိုင်အင်တာနက်များကိုလည်း မြန်မာစံတော်ချိန် ညနေ ၅ နာရီမှ ၆ နာရီအထိ ဖြတ်တောက်ခဲ့သည်။[14]

### (ခ) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဖြတ်တောက်ခြင်း

၂၀၂၂၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၊ အာဏာရှင်အဆက်ဆက်က သတ်မှတ်ခဲ့သည့် ပြည်ထောင်စုနေ့တွင်လည်း အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများအား တားဆီးနိုင်ရန် မြန်မာတနိုင်ငံလုံးအတိုင်းအတာဖြင့် မနက် ၄ နာရီမှ နေ့လည် ၁၁ နာရီ ထိ မိုဘိုင်းအင်တာနက်များ ဖြတ်တောက်ခဲ့သည်။[15]

## (၂.၄) အင်တာနက်မြန်နှုန်းလျှော့ချခြင်းနှင့် အင်တာနက်ဈေးနှုန်း မြင့်တက်ခြင်း

စစ်အာဏာသိမ်းပြီးကတည်းက အင်တာနက်မြန်နှုန်းမှာ သိသိသာသာကျဆင်းခဲ့ပြီး လူမှုကွန်ရက်မီဒီယာနှင့် ဝက်ဘ်ဆိုက်ဒ်ပေါင်းများစွာလည်း အပိတ်ခံခဲ့ရသည်။[16] ထို့ကြောင့် အပိတ်ခံထားရသော လူမှုကွန်ရက်စာမျက်နှာများနှင့် ဝက်ဘ်ဆိုက်ဒ်များအား ဝင်ရောက်နိုင်ရန် Private Virtual Network (VPN) များ ခံသုံးကြရသဖြင့် အင်တာနက်မြန်နှုန်းမှာ သိသိသာသာ နှေးကွေးသွားခဲ့သည်။

ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှစ၍ အင်တာနက်ဒေတာသုံးစွဲခများကို ဈေးနှုန်းတိုးမြှင့်လိုက်သည်။ ယခင်က အော်ရီဒူးနှင့် တယ်လီနော ဒေတာဝယ်ယူရာတွင် ၉၂၅ MB ကို ၉၉၉ ကျပ်မှ ၁ GB ကို ၁၉၉၀ ကျပ်၊ MPT ဒေတာ ၉၅၀ MB အတွက် ၉၉၉ ကျပ် မှ ဒီဇင်ဘာ ၈ ရက်နေ့မှစကာ

[14] NetBlocks. https://twitter.com/netblocks/status/1400788015518306304?lang=en
[15] အင်တာနက် ဖုန်းလိုင်းဖြတ်၍ အာဏာသိမ်းခဲ့သည့် အဖွဲ့က ပြည်ထောင်စုနေ့ အခမ်းအနားကိုလည်း အင်တာနက်လိုင်းများ ဖြတ်တောက်ပြီး ကျင်းပမည်။ (2022, February 11). *Tachileik News Agency.* https://www.tachileik.net/mm/news/29367
[16] "Restriction on Internet Freedom by the junta". (December 2021). Athan.


အော်ရီဒူးနှင့် တယ်လီနောအတွက် ၁ GB ကို ၁၉၉၀ ကျပ်အထိ၊ MPT အတွက် ၉၃၅ MB ကို ၁၇၉၅ ကျပ်အထိ၊ မိုင်တဲလ်ဒေတာအတွက် ၅၁၂ MB ကို ၉၆၈ ကျပ်အထိ ဈေးနှုန်း မြင့်တက်ခဲ့သည်။[17]

## အခန်း ၃။ နေရာ၊ ဒေသအလိုက် အင်တာနက်ဖြတ်တောက်ခြင်း

စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒထုတ်ဖော်မှုများ တနိုင်ငံလုံးအဝန်းတွင် လူဦးရေသန်းချီကာ လမ်းပေါ်ထွက်ဆန္ဒပြခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ငြိမ်းချမ်းစွာဆန္ဒပြသော ပြည်သူလူထုကို အကြမ်းဖက်စစ်တပ်က အကြမ်းဖက်ဖြိုခွဲခြင်းများ၊ မတရားသဖြင့် ဖမ်းဆီးခြင်းများ၊ ညှဥ်းပန်းနှိပ်စက်ခြင်းများ၊ မတရားသဖြင့် ထောင်သွင်းအကျဉ်းချခြင်းများ၊ သတ်ဖြတ်ခြင်းများ စစ်တပ်မှ ရက်စက်စွာ ကျူးလွန်လာပြီးနောက် အာဏာရှင်စနစ်အား နေရာဒေသအသီးသီးမှ လူထုက ရရာလက်နက်ဖြင့် တွန်းလှန်လာကြသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအားကောင်းလာကာ အထူးသဖြင့် ထိုဒေသများသည် ၂၀၂၁ နောက်ပိုင်း စစ်ရေးအရ ပြင်းထန်သော နေရာဒေသများ ဖြစ်လာသည်။ ထိုသို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်ဖွဲ့များ တိုက်ပွဲဖြစ်သော နေရာဒေသများတွင် သတင်းအချက်အလက် စီးဆင်းမှုဖြတ်တောက်ရန်၊ သတင်းအမှောင်ချနိုင်ရန် စစ်ကောင်စီမှ နေရာ၊ ဒေသအလိုက် အင်တာနက်ဖြတ်တောက်ခြင်းများ လုပ်ဆောင်ထားသည်။ အင်တာနက် ဖြတ်တောက်ခံထားရသော နေရာဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အများစု၊ မကွေးတိုင်းဒေသကြီးရှိမြို့နယ်အချို့၊ ချင်းပြည်နယ်ရှိ မြို့နယ်များအားလုံး၊ ကယား (ကရင်နီ) ပြည်နယ်ရှိ မြို့နယ်အချို့၊ ကချင်ပြည်နယ်မြို့နယ် ၁ ခုနှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ် ၂ ခုတို့ ပါဝင်သည်။

[17] ဖုန်းခေါ်ဆိုမှုနှင့် အင်တာနက် သုံးစွဲခနှုန်းထားများ ယနေ့စတင်၍ ဈေးနှုန်းမြင့်တက်. (2021 December 8). *The Standard Time Daily.* https://www.facebook.com/599363770175581/posts/4302579386520649

# အင်တာနက်ဖြတ်တောက်ခံရမှုအခြေအနေ



| တိုင်းဒေသကြီး/ ပြည်နယ် | အင်တာနက် ဖြတ်တောက် ခံထားရသည့် မြို့နယ် | 2G သာ ရသည့် မြို့နယ် | စုစုပေါင်း |
|---|---|---|---|
| စစ်ကိုင်း | ၈ | ၂၃ | ၃၁ |
| မကွေး | ၄ | - | ၄ |
| မန္တလေး | ၂ | - | ၂ |
| ချင်း | ၉ | - | ၉ |
| ကယား | ၆ | - | ၆ |
| ကချင် | ၁ | - | ၁ |
| ရှမ်း | ၁ | - | ၁ |
| **စုစုပေါင်း** | ၃၁ | ၂၃ | ၅၄ |

## တွေ့ရှိချက်

အထက်ဖော်ပြပါဒေသများတွင် အကြမ်းဖက်စစ်ကောင်စီမှ အင်တာနက်နှင့် ဖုန်းလိုင်းများကို အချိန်ကာလကြာမြင့်စွာ ဖြတ်တောက်ထားသော်လည်း အချို့သောနေရာများတွင် ရံဖန်ရံခါ အင်တာနက်နှင့် အချို့သောဖုန်းလိုင်းများ ပြန်လည်အသုံးပြုနိုင်ကြောင်း သိရှိရသည်။ သို့သော်လည်း ဤသုတေသန စာတမ်းတွင် ၎င်းဒေသများအား အင်တာနက်နှင့် ဖုန်းလိုင်းများ ကာလကြာရှည် ဖြတ်တောက်ခံထားရသော နယ်မြေများအဖြစ် သတ်မှတ်ထားသည်။

## (၃.၁) စစ်ကိုင်းတိုင်းဒေသကြီး

## ချိုးဖောက်ခံရသော လူဦးရေ - ၄,၂၂၅,၉၀၇

စစ်ကိုင်းတိုင်းဒေသကြီး



| အင်တာနက် ဖြတ်တောက်ခံထားရသည့် မြို့နယ် | |
|---|---|
| မြို့နယ် | လူဦးရေ |
| အရာတော် | ၁၆၇,၇၂၅ |
| ဘုတလင် | ၁၃၃,၄၁၃ |
| ကနီ | ၁၄၃,၇၄၈ |
| ကောလင်း | ၁၅၅,၂၃၁ |
| ပုလဲ | ၁၅၄,၃၄၇ |
| ပင်လည်ဘူး | ၁၁၈,၇၆၂ |
| ဝန်းသို | ၇၈,၁၅၈ |
| ယင်းမာပင် | ၁၅၁,၄၈၅ |
| လူဦးရေစုစုပေါင်း | ၁,၁၀၂,၈၆၉ |

| 2G သာ ရသည့် မြို့နယ် | |
|---|---|
| မြို့နယ် | လူဦးရေ |
| ဗန်းမောက် | ၁၁၈,၈၃၄ |
| ချောင်းဦး | ၁၁၄,၁၀၉ |
| ခန္တီး | ၅၀,၀၇၉ |
| ဟုမ္မလင်း | ၂၇၀,၇၂၄ |
| အင်းတော် | ၁၂၇,၆၅၀ |
| ကလေးဝ | ၅၉,၉၈၉ |
| ကန့်ဘလူ | ၃၁၃,၆၄၁ |
| ကသာ | ၁၇၆,၉၇၁ |
| ခင်ဦး | ၁၅၆,၈၂၇ |
| ကျွန်းလှ | ၁၁၀,၄၆၇ |
| လဟယ် | ၅၀,၇၈၈ |
| မော်လိုက် | ၅၄,၅၀၁ |
| မင်းကင်း | ၁၁၁,၀၈၁ |
| မြောင် | ၁၁၅,၄၆၂ |
| မြင်းမူ | ၁၁၅,၉၄၃ |
| ဖေါင်းပြင် | ၁၁၉,၁၆၇ |
| ဆားလင်းကြီး | ၁၃၁,၁၈၅ |
| ဒီပဲယင်း | ၁၅၀,၉၄၀ |
| တမူး | ၁၂၁,၁၂၈ |
| တန့်ဆည် | ၁၇၆,၈၅၈ |
| ထီးချိုင့် | ၁၃၇,၇၄၂ |
| ဝက်လက် | ၂၁၁,၈၄၉ |
| ရေဦး | ၁၂၇,၁၀၃ |
| လူဦးရေစုစုပေါင်း | ၃,၁၂၃,၀၃၈ |

အာဏာသိမ်းပြီးနောက်ပိုင်း စစ်ရေးအရ ပြင်းထန်သော ဒေသများထဲမှ တစ်ခုဖြစ်သည့် စစ်ကိုင်းတိုင်းသည် မြို့နယ်ပေါင်း ၃၅ မြို့နယ်တွင် မြို့နယ် ၈ မြို့နယ်မှာ အင်တာနက် လုံးဝပြတ်တောက်နေပြီး ကျန် ၂၃ မြို့နယ်မှာ 2G အင်တာနက် လျှော့ချခံရကာ ကျန် ၄ မြို့နယ်မှာ အင်တာနက် ရရှိမှုမတည်ငြိမ်ဘဲ ရုံဖန်ရံခါ ဖြတ်တောက်ခံရသည်။ အင်တာနက် ဖြတ်တောက်ခံထားရသော

မြို့နယ် (၈) မြို့နယ်မှာ ယင်းမာပင်၊ ပုလဲ၊ ကနီ၊ ဘုတလင်၊ အရာတော်၊ ပင်လယ်ဘူး၊ ဝန်းသိုနှင့် ကောလင်းမြို့တို့ဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၂၀၂၂ ခုနှစ်တွင် စစ်ကိုင်းတိုင်းရှိ လူဦးရေ၏ ၁,၁၀၂,၈၉၆ သည် အင်တာနက်ဖြတ်တောက်ခံထားရပြီး ၃,၁၂၃,၀၃၈ သည် အင်တာနက်လျော့ချခံထားရသည်။ အစောဆုံးဖြတ်တောက်ခံရမှုကို ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် တွေ့ရပြီး ၂၆ ရက်နေ့မှာ ထပ်မံဖြတ်တောက်ကာ တစ်လတည်း မြို့နယ်ပေါင်း ၁၃ မြို့နယ်ကို ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၂၊ မတ်လ ၄ ရက်နေ့မှာ ကျန်ရှိနေသော မြို့နယ်များတွင်လည်း အင်တာနက် ပြတ်တောက်သွားပြီး၊ နောက်ပိုင်းတွင် အင်တာနက်မြန်နှုန်း 2G သာ ရရှိသည်။ ။

> *အင်တာနက်ကို ဘာလို့ ဖြတ်လည်းဆိုရင် နှစ်ဖက်တိုက်ပွဲတွေ ပြင်းထန်တယ် ပြီးတော့ စစ်ကောင်စီဘက်က အကျအများ ပြီး စစ်ကူတွေ လွှတ်တဲ့အချိန်တွေမှာ အင်တာနက် ဖြတ်တာတွေ လုပ်တော့ တာပဲ။ ...*
>
> *(ခင်ဦးမြို့ နေအမျိုးသမီးတစ်ဦး)*

## (၃.၂) မကွေးတိုင်းဒေသကြီး

### ချိုးဖောက်ခံရသော လူဦးရေ - ၆၆၈,၉၃၉




| မြို့နယ် | လူဦးရေ |
|---|---|
| တောင်တွင်းကြီး | ၂၅၉,၄၃၆ |
| မြိုင် | ၂၂၆,၈၀၁ |
| ဂန့်ဂေါ | ၁၃၂,၉၈၀ |
| ထီးလင်း | ၄၉,၇၂၂ |
| **လူဦးရေစုစုပေါင်း** | **၆၆၈,၉၃၉** |

မကွေးတိုင်းသည်လည်း ဒေသခံကာကွယ်ရေးတပ်များ အားကောင်းသောကြောင့် စစ်ကောင်စီမှ ၎င်းဘက်မှ အသာစီးရရန် မြို့နယ် ၄ မြို့နယ်ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ကတည်းက အင်တာနက် ဖြတ်တောက်ထားသည်။ ထိုမြို့နယ်များရှိ လူဦးရေမှာ တောင်တွင်းကြီး - ၂၅၉,၄၃၆ ဦး၊ မြိုင်- ၂၂၆,၈၁၀ ဦး၊ ဂန့်ဂေါ - ၁၃၂,၉၈၀ ဦး၊ ထီးလင်း - ၄၉,၇၂၂ ဦးတို့ ပါဝင်ပြီး စုစုပေါင်းလူဦးရေ ၆ သိန်းခွဲဝန်းကျင်သည် လူ့အခွင့်အရေး ချိုးဖောက်ခံနေရသည်။

## (၃.၃) မန္တလေးတိုင်းဒေသကြီး

### ချိုးဖောက်ခံရသော လူဦးရေ - ၄၈၁,၉၃၀





| မြို့နယ် | လူဦးရေ |
|---|---|
| မိုးကုတ် | ၁၈၀,၄၁၄ |
| မြင်းခြံ | ၃၀၁,၅၁၆ |
| လူဦးရေစုစုပေါင်း | ၄၈၁,၉၃၀ |

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်ရှိ လူဦးရေ - ၁၈၀၄၁၄ ဦးနှင့် မြင်းခြံမြို့နယ်ရှိ လူဦးရေ ၃၀၁၅၁၆ ဦးတို့ကိုလည်း ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ကတည်း အင်တာနက် ဖြတ်တောက်ထားပြီး လူဦးရေစုစုပေါင်း ၅ သိန်းနီးပါး အင်တာနက် ဖြတ်တောက်ခံထားရခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံနေရသည်။

## (၃.၄) ချင်းပြည်နယ်

### ချိုးဖောက်ခံရသည့် လူဦးရေ - ၅၃၅,၉၇၇





| မြို့နယ် | လူဦးရေ |
|---|---|
| ဟားခါး | ၅၄,၁၉၂ |
| ထန်တလန် | ၅၆,၅၀၉ |
| ဖလမ်း | ၅၃,၈၆၉ |
| တီးတိန် | ၉၈,၁၂၈ |
| တွန်းဇံ | ၃၅,၆၅၇ |
| မင်းတပ် | ၄၇,၆၂၄ |
| မတူပီ | ၅၇,၅၉၆ |
| ကန်ပက်လက် | ၂၄,၀၂၆ |
| ပလက်ဝ | ၁၀၈,၃၇၆ |
| လူဦးရေစုစုပေါင်း | ၅၃၅,၉၇၇ |

ချင်းပြည်နယ်သည်လည်း စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ရေးအရ ပြင်းထန်သော ဒေသဖြစ်သဖြင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစပြီး မြို့နယ်များအားလုံး အင်တာနက်လိုင်း ဖြတ်တောက်ခံထားရသည်။ ချင်းပြည်နယ်ရှိ လူဦးရေ ၅ သိန်း ၃ သောင်းကျော်ရှိသည့် မတူပီ၊ တွန်းဇန်၊ ပလက်ဝ၊ ဖလမ်း၊ ကန်ပက်လက်၊ ထန်တလန်၊ တီးတိန်၊ မင်းတပ်၊ ဟားခါးမြို့နယ်များအားလုံးသည် အင်တာနက်ဖြတ်တောက်ခံရပြီး လူ့အခွင့်အရေးချိုးဖောက်ခံနေရသည်။

## (၃.၅) ကယားပြည်နယ်

### ချိုးဖောက်ခံရသောလူဦးရေ - ၃၃၅,၉၇၀




| မြို့နယ် | လူဦးရေ |
|---|---|
| လွိုင်ကော် | ၁၅၄,၇၅၁ |
| ဒီမောဆိုး | ၉၄,၇၄၁ |
| ဘောလခဲ | ၁၃,၁၇၀ |
| ဖားဆောင်း | ၃၀,၅၆၆ |
| မယ်စဲ့ | ၇,၅၄၁ |
| လူဦးရေစုစုပေါင်း | ၃၀၀,၇၆၉ |

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်ဝန်းကျင်မှစ၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အင်တာနက် ဖြတ်တောက်ထားပြီး ဘောလခဲမြို့နယ်၊ ဒီမော့ဆိုမြို့နယ်၊ ဖားဆောင်းမြို့နယ်နှင့် မယ်စဲ့မြို့နယ် များအား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖြတ်တောက်ခံခဲ့ရသည်။[18] ပျမ်းမျှအားဖြင့် လူဦးရေ ၃၂၀,၀၀၀ ကျော်သည် အင်တာနက် ဖြတ်တောက်ခံထားရသည်။ လွိုင်ကော်မြို့ခံတစ်ဦး မှ သတင်းမီဒီယာအင်တာဗျူးတွင် ***အဓိက အင်တာနက်ဖြတ်တောက်ရခြင်းမှာ ၂၀၂၂ ခုနှစ် အစ တွင် တိုက်ပွဲများ ပြင်းထန်ပြီး လျှပ်စစ်မီးများလည်း ဖြတ်တောက်ခံရခြင်းကြောင့် ဟုသိရသည်။ လျှပ်စစ်မီး ဖြတ်တောက်ခံရပြီးနောက်တွင် ဖုန်းလိုင်းများ စတင်၍ မကောင်းတော့ဘဲ တရက် ထက်တရက် ပို၍ဆိုးလာကြောင်း၊ တခါတည်း ပြတ်တောက်သွားသည့် အနေအထားမျိုး မဟုတ် ဘဲ ယခင်က ဖုန်းလိုင်းရရှိပြီး အင်တာနက်လိုင်းကို တောင်ပေါ် တက်သုံးရသော်လည်း ယခုအခါ တွင် ဖုန်းလိုင်းရနေကျ နေရာမျိုးများတွင်ပါ ဖုန်းလိုင်းမရတော့ဘဲ အင်တာနက်လိုင်းလည်း မရ***

[18] အက်စတာဂျေ. "ကရင်နီဒေသတွင် အင်တာနက်နှင့် ဖုန်းလိုင်းပြတ်တောက်မှု ပိုဆိုးလာ". (2022 February 8). *Myanmar Now*. https://myanmar-now.org/mm/news/10395

*တော့ကြောင်း သိရသည်။ ထို့အတွက် အစစအရာရာ ခက်ခဲနေပြီး အရေးပေါ်လူနာနှင့် စစ်ဘေးရှောင်များ၏ အရေးပေါ်ကျန်းမာရေးကိစ္စများ ဖြစ်ပေါ်လာလျှင် လူကိုယ်တိုင်သွားရကြောင်း၊ ဖုန်းလိုင်းများ ရနေသေးပါက ဖုန်းဆက်၍ရပြီး အခုအခါတွင် အရှေ့ခြမ်းနှင့် အနောက်ခြမ်း ဟိုဘက်ရွာနှင့် ဒီဘက်ရွာကိုပင် ဆက်သွယ်လို့မရတော့ကြောင်း* သိရသည်။[19]

ထို့ပြင် ရှမ်း-ကယားနယ်စပ်တွင်ရှိသော ဖယ်ခုံမြို့နယ်တွင်လည်း ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်ကောင်စီတပ်များ တိုက်ပွဲပြင်းထန်မှုများ ဖြစ်ပေါ်ပြီးနောက် အင်တာနက်လိုင်းများ ဖြတ်တောက်ခံရသည်။[20]

## (၃.၆) ကချင်ပြည်နယ်

### ချိုးဖောက်ခံရသော လူဦးရေ - ၃၈၆,၇၉၅




| မြို့နယ် | လူဦးရေ |
|---|---|
| ဖားကန့် | ၃၈၆,၇၉၅ |
| လူဦးရေစုစုပေါင်း | ၃၈၆,၇၉၅ |

[19] ကယားပြည်နယ်၌ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်မှု ပိုဆိုးလာ. (2022 February 7). *Democratic Voice of Burma*. http://burmese.dvb.no/archives/515743

[20] မိုးဗြဲမြို့ပေါ်တွင် တိုက်ပွဲပြင်းထန်နေပြီး အင်တာနက်များပါ ဖြတ်တောက်ခံရ. (2022 February 17). *The Irrawaddy*. https://www.facebook.com/121507374560090/posts/5418107811566660

ကချင်ပြည်နယ် ဖားကန့်မြို့ကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ ည ၉ နာရီကတည်းက အင်တာနက်လိုင်း ဖြတ်တောက်ခဲ့ပြီး လူဦးရေ ၃သိန်း ၈သောင်းကျော်သည် လူ့အခွင့်အရေး ချိုးဖောက်ခံနေရသည်။ တခြားအင်တာနက် ဖြတ်ခံထားရသော နယ်မြေဒေသနှင့်မတူသည်မှာ ဖားကန့်သည် အာဏာသိမ်းခံရပြီးနောက်ပိုင်း ထူးခြား၍ စစ်ရေးအရ ပြင်းထန်ခြင်းမျိုးမဟုတ်ဘဲ ဖြတ်တောက်ခံထားရခြင်းဖြစ်သည်။ ဖားကန့်နေပြည်သူတစ်ဦးနှင့် အင်တာဗျူးမေးမြန်းချက်များ အရ *"အင်တာနက်သုံးရဖို့ဆိုရင် တစ်နာရီကို ၅၀၀၀၊ ၁၀၀၀၀ ပေးရတယ်၊ အဲ့လိုပေးပြီး သုံးလို့ ရတဲ့နေရာမှာလည်း စာပဲပို့လို့ရတယ်။ စီးပွားရေးသမားများသာ ဂြိုလ်တုအင်တာနက် (Satellite internet) ကို တပ်ဆင်ထားနိုင်ပြီး ဈေးလည်းအလွန်ကြီးကြောင်းသိရသည်။ 2MG ကို တစ်လ ၁၅ သိန်း၊ 10 MG ဆို သိန်း၉၀ ပေးရတယ်။ အရင်ကတော့ အင်တာနက်ရလို့ သတင်းအချက်အလက် ရပေမယ့် အခုတော့ သတင်းအချက်အလက်ရယူဖို့ တော်တော်ပိုက်ဆံပေးရတယ်"*ဟု သိရသည်။

ဖားကန့်ဒေသ၏ အင်တာနက်ဖြတ်တောက်မှု အကြောင်းအရင်းအား မေးမြန်းရာတွင် ***"ဖားကန့်မှာ အင်တာနက်ဖြတ်တောက်ရတဲ့အဓိက ရည်ရွယ်ချက်က စစ်ရေးတင်းမာမှုကြောင့်မဟုတ်ပဲ တရားမဝင်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတွေ လုပ်ဖို့ ရည်ရွယ်ချက်ရှိရှိ ဖြတ်တောက်ခဲ့တယ် ဆိုတာ နောက်ပိုင်းမှပြည်သူတွေက သိခဲ့ရတာ။"*** ဟု ဖြေကြားခဲ့သည်။

ဖားကန့်ဒေသတွင် အကြမ်းဖက်စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက်ပိုင်း ဒေသတွင်းတိုက်ပွဲများ ပြင်းထန်မှုမရှိသော်လည်း အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည်မှာ အချိန်ကာလ (၉) လမျှ ကြာမြင့်နေပြီဖြစ်သည်။ တွင်းထွက်သယံဇာတပေါကြွယ်ဝသော ဒေသတစ်ခုဖြစ်သည့် အတွက် စစ်ကောင်စီနှင့် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များက ၎င်းဒေသအား နည်းလမ်း အမျိုးမျိုးဖြင့် ထိန်းချုပ်နိုင်ရန် ကြိုးစားနေကြပြီး ဒေသအတွင်း ဥပဒေပိုင်းဆိုင်ရာနှင့် လူ့အခွင့် အရေးဆိုင်ရာ ချိုးဖောက်မှုများရှိနေကြောင်းကို လေ့လာသိရှိရသည်။

### (၃.၇) အချိန်ပိုင်း၊ ရက်ပိုင်း အင်တာနက်ဖြတ်တောက်ခံရသော နေရာဒေသများ

ကချင်ပြည်နယ် ပူတာအိုမြို့တွင်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစကာ ဆီကားများလမ်းပိတ်နေသဖြင့် တာဝါတိုင်များလည်ပတ်နိုင်ရန် ဆီမရောက်နိုင်သည့် အတွက်ကြောင့် ဟုဆိုကာ ရက်ပိုင်းအတော်ကြာ အင်တာနက်လိုင်းပြတ်တောက်သွားခဲ့သည်။ အင်တာဗျူး မေးမြန်းချက်များအရလည်း ***ယခုအချိန်တွင် ပူတာအို၌ အင်တာနက်လိုင်း ကောင်းသည့်အခါ ကောင်းပြီး လိုင်းမကောင်းသည့်အခါများလည်း တွေ့ကြုံနေရကြောင်း*** *သိရသည်။* တနင်္သာရီ တိုင်း၊ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်အချို့တွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ နေ့လည် ၂ နာရီမှ ၄ နာရီကျော်အထိ MPTနှင့် Mytel မှလွဲလျှင် ကျန်မိုဘိုင်းအင်တာနက်နှင့် ဝိုင်ဖိုင်အင်တာ

နက်များ ဖြတ်တောက်ခြင်းခံခဲ့ရသည်။[21] ထို့အပြင် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်တွင်လည်း ဧပြီလ ၁၂ ရက်နေ့တွင် KNU တပ်မဟာ ၄၊ တပ်ရင်း ၇၊ တပ်ခွဲ ၁ တွင် နံနက် ၃ နာရီမှ ၉ နာရီ ၅၇ မိနစ်အထိ ၇ နာရီကြာ ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ဖြတ်တောက်ခံခဲ့ရသည်။[22] ထို့အပြင် ၂၀၂၂ ခုနှစ် မေလ ၂၃ ရက်နေ့ (ည ၁၁ နာရီ ၄၈ မိနစ်) တွင်လည်း မုံရွာမြို့နယ်အား အင်တာနက် စတင်ဖြတ်တောက်ခဲ့ပြီး ယခင်က စစ်ကိုင်းတိုင်းအတွင်း အင်တာနက်ဖြတ်တောက်ခံထားရသော နေရာဒေသအများစုတွင် ယခုလတ်တလော ဖုန်းလိုင်းများဖြတ်တောက်ခံထားရသည်ဟု သိရှိရသည်။ [23]

[21] ထားဝယ်ခရိုင်တွင် အင်တာနက်လိုင်းများ ၂နာရီခန့် ပြတ်တောက်. (2021 September 5). *Mizzima-News in Burmese.* https://www.facebook.com/216265185075061/posts/4738596379508563

[22] အကြမ်းဖက်စစ်ကောင်စီမှ KNU တပ်မဟာ ၄ နယ်မြေကို ၇ နာရီကြာ ဖုန်းလိုင်းဖြတ်တောက်. (2022 April 13). *Myanmar Pressphoto Agency.* https://www.facebook.com/874334009274294/posts/7347395195301444

[23] မုံရွာ အပါအဝင် စစ်ကိုင်းတိုင်း မြို့နယ်များတွင် အင်တာနက်နှင့် ဖုန်းလိုင်းများ ပြတ်တောက်(2022 May 24). *Democratic Voice of Burma* http://burmese.dvb.no/archives/535099

## အခန်း (၄) လက်ရှိအင်တာနက် သုံးစွဲနေမှု အခြေအနေ

စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအတွင်း အင်တာနက်လိုင်းအားများ လျော့ချခြင်း အပြင် ဒေသအချို့တွင် အင်တာနက်လိုင်းများနှင့် ဖုန်းလိုင်းများကိုပါ ဖြတ်တောက်ခြင်းများအား ပြုလုပ်လျက်ရှိသည်။ အင်တာနက်လိုင်းဖြတ်တောက်ခံထားရခြင်းနှင့် ပတ်သက်၍ မေးမြန်း လေ့လာရာတွင် ဂန့်ဂေါမြို့နယ်နေထိုင်သူတစ်ဦး၏ ပြောပြချက်များအရ ဂန့်ဂေါမြို့ နေရာအနှံ့ အပြားတွင် အင်တာနက်လိုင်းများမှာ 2G သာရရှိပြီး တချို့ရက်များတွင် Telenor နှင့် MPT အော်ပရေတာ (operator) များမှာ အင်တာနက်လိုင်းများသာမက ဖုန်းလိုင်းများကိုပါ ဖြတ် တောက်ထားလေ့ရှိကြောင်း လေ့လာသိရှိရသည်။ ယခင်က မြို့ပေါ်တွင် ဝိုင်ဖိုင် (Wifi) လိုင်းများ အသုံးပြု၍ရသော်လည်း ယခုအခါ ဝိုင်ဖိုင် (Wifi) လိုင်းများ ဖြတ်တောက်ခံထားရသည်မှာ တစ်လ တာကာလ ဝန်းကျင်ရှိပြီဖြစ်သည်။ [24]

ထို့အပြင် စစ်ကိုင်းတိုင်းအတွင်းနေထိုင်သူ CDM ကျောင်းသူတစ်ဦးကို သူမနေထိုင်ရာဒေသတွင် လက်ရှိအင်တာနက်သုံးစွဲနေရသည့် အခြေအနေများအား ဆက်သွယ်မေးမြန်းရာတွင် စစ်ကိုင်းတိုင်း အတွင်း စစ်ကောင်စီမှ ခင်ဦး၊ ရေဦးနှင့် ဒီပဲယင်းမြို့နယ်များကို အဓိကပစ်မှတ်ထား၍ စစ်ကြောင်း ထိုးတိုက်ခိုက်ကာ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေကြောင်း သိရှိရသည်။ ထို့အပြင် ၎င်းမြို့နယ် ၃ နေရာတွင် အကြမ်းဖက်စစ်တပ်မှ အင်တာနက်လိုင်းများ တောက်လျှောက် ဖြတ်တောက်ထားကာ သတင်းစီးဆင်းမှုအား ရပ်တန့်နေစေခဲ့သည်ဟုလည်း သိရှိရသည်။ [25]

ဆက်လက်၍ အကြမ်းဖက်စစ်ကောင်စီက တိုက်ပွဲပြင်းထန်သော ဒေသများတွင် အင်တာနက် လိုင်းများအပြင် ဖုန်းလိုင်းများကိုပါ ခပ်စိတ်စိတ်ဖြတ်တောက်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပြီး ထိုအကြောင်းအရာနှင့်ပတ်သက်၍ ယင်းမာပင် အနောက်ဘက်ခြမ်းတွင် နေထိုင်သော ကျောင်းသူတစ်ဦးမှ **သူမနေထိုင်ရာဒေသတွင် အင်တာနက်လိုင်းများ ဖြတ်တောက် ခံထားရသည်မှာ ၈ လကျော်ရှိပြီဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် အင်တာနက်အသုံးပြုလို ပါက ၎င်းတို့နေထိုင်ရာ ရွာအပြင်ရှိ ကုန်းပြင်မြင့်ဖြစ်သော နေရာများသို့ သွားရောက်အသုံးပြုရ သည်ဟု သိပါသည်။ ဒေသခံပြည်သူများမှာ ၎င်းတို့နေထိုင်ရာ ရွာအပြင်သို့ထွက်၍ အင်တာနက် အသုံးပြုရာတွင်လည်း နေရာတိုင်းတွင် အင်တာနက်ချိတ်ဆက်အသုံးပြု၍မရပဲ (နေရာ ကွက်ကြားသာ အင်တာနက်ချိတ်ဆက်နိုင်) လိုင်းမိရာ နေရာတစ်ခုတွင် ဖုန်းသုံးလုံး (Device ၃ ခု) ခန့်သာ အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ယခင်က Telenor 2G နှင့်**

---

[24] အင်တာဗျူးမှ ပြောကြားချက်များအရ သိရသည်။

[25] အင်တာဗျူးမှ ပြောကြားချက်များအရ သိရသည်။

**MPT 4G ဖြင့် ဖုန်းလိုင်းများ အသုံးပြု၍ရသော်လည်း မတ်လ အလယ်လောက်မှစတင်၍ ဖုန်းလိုင်းများပင် အသုံးပြု၍မရတော့ဘဲ ဖြတ်တောက်ခံထားရသည်**ဟု တွေ့ရှိသည်။[26]

## (၄.၁) အင်တာနက်နှင့် ဆက်သွယ်ရေးဖုန်းလိုင်းများ ဖြတ်တောက်ထားခြင်း၏ အကြောင်းရင်းများ

မည်သည့်အတွက်ကြောင့် အင်တာနက်လိုင်းများ ဖြတ်တောက်ရသနည်း လေ့လာရာတွင် အင်တာနက်လိုင်းများဖြတ်တောက်ခံထားရသော ဒေသများ၌ အကြမ်းဖက်စစ်တပ်မှ ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ အကြီးအကျယ်ကျူးလွန်နေပြီး ပြည်သူများ၏ အိုးအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ လေယာဉ်ဖြင့် ရွာများအား ဗုံးကြဲခြင်း၊ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ပြည်သူများ၏ အဖိုးတန် လက်ဝတ်ရတနာ ပိုင်ဆိုင်မှုများအား မတရားသိမ်းယူခြင်းနှင့် များစွာသော လူမဆန်သည့်ရာဇဝတ်မှုများကို ကျူးလွန်နေကြောင်း အထောက်အထားများနှင့်တကွ တွေ့ရှိရသည်။ နိုင်ငံအတွင်း နယ်မြေအချို့တွင် အကြမ်းဖက်စစ်တပ်မှ အင်တာနက်ဖြတ်တောက်ထားရခြင်း၏ အကြောင်းအရင်းများအား မေးမြန်းရာတွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့တွင်းနေထိုင်သူ အမျိုးသမီးတစ်ဦး၏ ပြောပြချက်များအရ ***"အင်တာနက်ကို ဘာလို့ဖြတ်လည်းဆိုရင် နှစ်ဖက်တိုက်ပွဲတွေ ပြင်းထန်တယ် ပြီးတော့ စစ်ကောင်စီဘက်က အကျများပြီး စစ်ကူတွေလွှတ်တဲ့အချိန်တွေမှာ အင်တာနက်ဖြတ်တာတွေလုပ်တော့တာပဲ။ … အင်တာနက်တွေမရတဲ့ ဒီအတောအတွင်းမှာ ၄ လပိုင်း ၂ ရက်နေ့က စစ်တပ်က ပျဉ်ထောင်ရွာမှာ စခန်းချထားပြီး တိုက်ပွဲဖြစ်နေတယ်။ တစ်ရွာလုံးလည်း စီးပွားပျက်တယ်။ စိုက်ထားတဲ့ စပါးတွေ ရိတ်ယူသွားတယ်ကြားတယ်"***ဟု သိရှိခဲ့ရသည်။ ထို့အပြင် သူမနေထိုင်ရာ ရေဦးမြို့တွင် အကြမ်းဖက်စစ်တပ်မှ စစ်ကြောင်းချီတက်ရာလမ်းတွင် အပြစ်မဲ့ကလေးတစ်ဦးအား ပစ်သတ်သွားခြင်းနှင့် အနီးနားရှိ ရွာများကိုလည်း ရွာလုံးကျွတ်မီးရှို့ ဖျက်ဆီးခဲ့သည်များရှိကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ဂန့်ဂေါမြို့မှ အမျိုးသားတစ်ဦးကလည်း ***"ဂန့်ဂေါနယ်မှာ တိုက်ပွဲဖြစ်ပွားခြင်းကြောင့် စကစမှ ရာဇဝတ်မှုတွေကို ပြောင်ပြောင်တင်းတင်းကျူးလွန်ချင်လို့ ဖြတ်ထားတယ်လို့ယူဆရပါတယ်"*** ဟု ပြန်လည်ဖြေကြားခဲ့သည်။ အကြမ်းဖက်စစ်တပ်မှ အင်တာနက်ဖြတ်တောက်ထားရာ နယ်မြေဒေသများတွင် ဒေသခံကာကွယ်ရေးတပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များအား စစ်ကြောင်းများထိုး၍ တိုက်ခိုက်နေလျက်ရှိပြီး ထိုဒေသတွင်းနေထိုင်လျက်ရှိသည့် ဒေသခံများအပေါ် လူ့အခွင့်အရေးများ ချိုးဖောက်နေသည်မှာ အချိန်ကာလတစ်ခု ကြာမြင့်နေပြီးဖြစ်ပါသည်။ ယင်းမာပင်မြို့ခံတစ်ဦးမှ "***ဘာလို့ အင်တာနက်ဖြတ်တောက်ရလဲ ဆိုရင်တော့ သတင်းစီးဆင်းမှုကို ရပ်တန့်စေချင်တာရယ် နောက်ပြီး ညီမတို့ဒေသက PDF တွေက အဝေးထိန်းမိုင်းတွေ***

[26] အင်တာဗျူးမှ ပြောကြားချက်များအရ သိရသည်။

*အသုံးပြုပြီးတိုက်ခိုက်တာ မခံရအောင်လို့ ထင်တယ်။ အဓိကကတော့ ညီမတို့ စစ်ကိုင်းတိုင်းထဲက PDF စခန်းတွေကို ဖြိုခွင်းချင်လို့ပါ။ နောက်တစ်ချက်က ဒီဘက်ညီမတို့ ဒေသမှာ PDF တွေရှိတဲ့အတွက် ပြည်ပက အလှူရှင်တွေနဲ့ အဆက်အသွယ်လုပ်လို့မရအောင် အင်တာနက်တွေဖြတ်တာလို့မြင်တယ်။ ... ညီမသိတဲ့ တချို့ နိုင်ငံရေးသုံးသပ်သူတွေ ပြောတဲ့ပုံအရကတော့ စစ်တပ်က ချင်းပြည်ဘက်နဲ့ ဒီဘက်ကို ဖောက်ချင်တာ၊ ဒီယင်းမာပင်နဲ့ ပုလဲကိုဖောက်ပြီး သူတို့ နယ်မြေစိုးမိုးနိုင်မယ်ဆိုရင် သူတို့အတွက်က မြန်မာနိုင်ငံအလယ်ပိုင်းကို အကုန်သိမ်းပြီးသွားမယ် ဆိုတဲ့ အချက်ကြောင့် အခုလို အင်တာနက်ဖြတ်ပြီး စစ်ကြောင်းထိုးတယ်လို့ မြင်တယ်။ နောက်ပြီး အင်တာနက်နဲ့ ဖုန်းလိုင်း ဖြတ်တောက်ထားတဲ့ အချိန်တွေမှာဆိုရင် သူတို့ (စခ)တွေ အတွက် သွားလာရလွယ်ကူတယ်"* ဟု ဒေသခံ တစ်ဦးအနေဖြင့် သုံးသပ်ပြောဆိုထားပါသည်။ ထိုနယ်မြေများတွင် အကြမ်းဖက်စစ်တပ်မှ အင်တာနက်လိုင်းများနှင့် ဆက်သွယ်ရေးဖုန်းလိုင်းများအား မဖြတ်တောက်လျှင် ၎င်းတို့၏ မြေပြင်လှုပ်ရှားမှုများအား ဒေသခံပြည်သူများမှ ဆိုရှယ်မီဒီယာများပေါ်တွင် ရေးသားတင်ပြသောကြောင့် ၎င်းတို့အနေဖြင့် စစ်ကြောင်းလိုက် သွားလာလှုပ်ရှားရာတွင် အလွန်ခက်ခဲစေသောကြောင့် ယခုကဲ့သို့ အင်တာနက်နှင့် ဖုန်းလိုင်းများအားဖြတ်တောက်ထားခြင်းဖြစ်သည်ဟုလည်း ပြောကြားသည်။ ထပ်မံ၍ ကလေးမြို့တွင် နေထိုင်သူကျောင်းသူတစ်ဦးမှလည်း သူမနေထိုင်ရာ ကလေးမြို့တွင် ယာယီ အင်တာနက်နှင့် ဖုန်းလိုင်းများပြတ်တောက်ခြင်းနှင့် အကြမ်းဖက်စစ်တပ်မှ ပြည့်သူ့ကာကွယ်ရေးတပ်များအား စစ်ကြောင်းထိုးတိုက်ခိုက်ရာတွင်လည်း ဖြတ်တောက်ခြင်းများကို ကြုံတွေ့ရကြောင်းနှင့် ယခုကဲ့သို့ အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ထားရခြင်း၏ အကြောင်းရင်းမှာ တိုက်ပွဲများဖြစ်နေစဉ် အချိန်အတောအတွင်း ပြည့်သူ့ကာကွယ်ရေးတပ်များ (PDF) အချင်းချင်း ဆက်သွယ်၍ မရစေရန်အဓိကထား၍ ဖြတ်တောက်ထားခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။ *"ညီမအထင်တော့ အင်တာနက်နဲ့ ဖုန်းလိုင်းတွေ ဖြတ်တာက PDF တွေ တိုက်ပွဲဖြစ်နေတဲ့ အချိန်မှာ ဆက်သွယ်လို့မရအောင်၊ အချင်းချင်း ချိတ်ဆက်လို့ မရအောင်လုပ်တာလို့ ထင်တယ်။ သိသလောက်ပြောရမယ်ဆိုရင် ညီမတို့ဘက်မှာက ဗုံးဖောက်တဲ့အဖွဲ့နဲ့ လက်နက်ကိုင်ပြီး တိုက်တဲ့ အဖွဲ့တွေခွဲထားတာတွေရှိတယ်။ အဲ့အဖွဲ့တွေ အချင်းချင်းချိတ်ဆက်လို့မရအောင် လုပ်တာလို့ထင်တယ်"။*

### (၄.၂) အင်တာနက်ဖြတ်တောက်ခံရခြင်းနှင့် ဒေသခံတို့၏ လုံခြုံရေး

တိုက်ပွဲပြင်းထန်သော နယ်မြေများနှင့် အကြမ်းဖက်စစ်တပ်မှ စစ်ကြောင်းထိုးလာသော ဒေသအများစုတွင် အင်တာနက်လိုင်းများ ဖြတ်တောက်ထားကာ ဒေသတွင်း သတင်းစီးဆင်းမှုများအား ရပ်တန့်စေခဲ့ပြီး အပြစ်မဲ့ ပြည်သူများ၏ ကျေးရွာများအား စစ်လေယာဉ်များသုံး၍ ဗုံးကြဲတိုက်ခိုက်ခြင်း၊ အကြောင်းမဲ့ ရွာလုံးကျွတ် မီးရှို့ခြင်းများနှင့် များစွာသော လူ့အခွင့်အရေးချိုး

ဖောက်မှုများအား ကျူးလွန်နေသည်။ ထို့အပြင် ပြည်တွင်းရှိ ဖုန်းအော်ပရေတာများအား စစ်ကောင်စီမှ အကြပ်ကိုင်ခြိမ်းခြောက်ကာ ၎င်းတို့နှင့် ပူးပေါင်းရန် အမိန့်စာများထုတ်ခဲ့ပြီး ဖုန်းလိုင်းများအား ကြားဖြတ်နားထောင်၍ ခြေရာခံလိုက်လံဖမ်းဆီး၊ ချုပ်နှောင်၊ သတ်ဖြတ်ခြင်းများကိုလည်း အကြမ်းဖက်စစ်ကောင်စီမှ ကြီးကြီးမားမား ပြုလုပ်နေသည်။ ဂန့်ဂေါမြို့နေ အမျိုးသားတစ်ဦးမှလည်း ထိုကိစ္စများနှင့် စပ်လျဉ်း၍ *"အင်တာနက်ဖြတ်တောက်ခံရတဲ့အခါ သုံးရအောင် wifi ကြိုတပ်ထားပေမယ့် wifi လည်း 2G နဲ့အဝိုင်းလည်နေတာ ရက် ၂၀ လောက်ရှိပါပြီ။... စိုးရိမ်စိတ်ကတော့ ကိုယ့်ဒေသမှာ ဥပဒေမဲ့အကြမ်းဖက် ဖမ်းဆီး၊ သတ်ဖြတ်၊ မီးရှို့နေတာတွေကို ကမ္ဘာကြီးနဲ့အတူ တာဝန်ရှိသူတွေမသိမှာစိုးရိမ်မိတယ်။ နောက်ပြီးတော့ ဖုန်းလိုင်းနဲ့ ဆက်သွယ်တဲ့အခါ ကြားဖြတ်နားထောင်မှာနဲ့ ကိုယ့်တည်နေရာကိုသိပြီး အဖမ်းခံရမှာကိုလည်း အရမ်းစိုးရိမ်ရတယ်"* ဟု ပြောဆိုခဲ့ပါသည်။ ယင်းမှာပင် အနောက်ဘက်ခြမ်းတွင် နေထိုင်သူ ကျောင်းသူတစ်ဦးမှ *"အစကတော့ အင်တာနက်တွေ ဖုန်းလိုင်းတွေ ဖြတ်ပြီဆိုရင် အရမ်းကြောက်ကြတယ်။ ဘာလို့ဆိုရင် အရှေ့မှာ ပြောခဲ့သလို ဖုန်းလိုင်းတွေဖြတ်ပြီဆိုရင် စစ်တပ်က ရွာတွေကို မီးရှို့၊ လေယာဉ်နဲ့ ဗုံးကြဲ၊ တိုက်ပွဲတွေဖြစ်လေ့ရှိတော့ ဖုန်းလိုင်းတွေပျက်သွားပြီဆိုတာနဲ့ ပြေးဖို့ အထုတ်ထုပ်၊ ရိက္ခာခြောက်တွေပြင်ဆင်လေ့ရှိတယ်။ ပြီးရင် မိသားစုလိုက် တောထဲ ပြေးကြတယ်။... ရွာကို လေယာဉ်နဲ့ဗုံးလာကြဲတာတော့ မကြုံရသေးဘူး ဒါပေမယ့် ဖြစ်လာရင်တော့ ပုန်းခိုလို့ရအောင် ကတုတ်ကျင်းတွေ တူးထားတယ်ရွာမှာ နောက်ပြီး ချောင်းကြီးဘေးကကိုင်းတောထဲမှာ ပုန်းဖို့လည်း တိုင်ပင်ထားကြတယ်။ ဒါပေမယ့် တကယ် လေယာဉ်နဲ့ ဗုံးလာကြဲပြီဆိုရင်တော့ ပြေးပုန်းချိန်ရမယ် မထင်ဘူး၊ အင်တာနက်လည်း မရတော့ သတင်းတွေကြားလိုက်ရမှာတောင် မဟုတ်ဘူး။ ရွာနားက အခြားရွာတွေ ဗုံးကြဲခံရတုန်းက ဘာမှလုပ်ချိန်မရလိုက်ကြဘူး။ အဓိကကတော့ အင်တာနက်မရတာကြောင့်ပေါ့ ဘာသတင်းမှမရလိုက်တော့ ပြေးဖို့အချိန်တောင် မရလိုက်ကြဘူး"* ဟုလည်း ဖြေဆိုခဲ့သည်။ အစောပိုင်းကာလများတွင် အကြမ်းဖက်စစ်တပ်မှ ရွာများသို့ဦးတည်၍ စစ်ကြောင်းထိုးတက်လာလျှင် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့ ရွာသူ၊ ရွာသားများ ပုန်းခိုရန် ရွာနှင့် အလှမ်းဝေးသော တောထဲတစ်နေရာတွင် အဆောက်အဦးများ ဆောက်လုပ်ထားသော်လည်း အကြမ်းဖက်စစ်တပ်မှ ကုန်းကြောင်း၊ လေကြောင်းများဖြင့် အဖက်ဖက်မှ လာရောက် တိုက်ခိုက်ခြင်းများ ပြုလုပ်လာသောကြောင့် ဒေသခံပြည်သူများမှာ ရှောင်ပုန်းရန် ခက်ခဲလာပြီး ရင်ဆိုင်ရုံမှတပါး အခြားမရှိတော့ကြောင်းကိုလည်း တစ်ဆက်တည်း မေးမြန်းသိရှိရသည်။

## (၄.၃) အင်တာနက်ဖြတ်တောက်ခံထားရပြီး နောက်ပိုင်းအခြေအနေ

အင်တာနက်ဖြတ်တောက်ခံထားရခြင်းကြောင့် နိုင်ငံအတွင်းဖြစ်ပွားနေသော သတင်းများအား အချိန်နှင့် တပြေးညီ ရရှိနိုင်ရန် ပြည်သူများက ရေဒီယိုများ ပြန်လည်အသုံးပြုလာကြသည်။ ထို့အပြင် တိုက်ပွဲဖြစ်ပွားနိုင်ခြေရှိသော ဒေသများရှိ ပြည်သူများသည် ၎င်းတို့၏ စားနပ်ရိက္ခာများ၊ အဝတ်အစားအချို့နှင့် အရေးကြီးပစ္စည်းတချို့အား ထုတ်ပိုးကာပြင်ဆင်ထားခြင်း၊ လုံခြုံရာအရပ်၌ ကြိုတင်သွားရောက်ဖွက်ထားခြင်းများ ပြုလုပ်ကြရသည်ကို တွေ့ရှိရပါသည်။ အထက်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဂန့်ဂေါမြို့တွင် နေထိုင်သူ ကျောင်းဆရာတစ်ဦးအား စုံစမ်းမေးမြန်းရာတွင် အင်တာနက်ပြတ်ပြီးနောက်ပိုင်း သတင်းသိနိုင်ရန် DVB၊ Mizzima၊ PVTV၊ BBC၊ VOA စသည့် တီဗီရေဒီယိုသတင်းတို့ကို နားထောင်ပြီး ဖေ့စ်ဘုတ်သတင်းရရှိရန်အတွက် 2G အင်တာနက်လိုင်းရရှိသော နေရာကိုသွားရပြီး တိုက်ပွဲအချိန်မရွေးဖြစ်နိုင်သည့်အတွက် ဆေးဝါး၊ အဝတ်အစား၊ စားစရာနှင့် အရေးကြီးပစ္စည်းတချို့ကိုကြိုတင်ထုတ်ပိုးထားရကြောင်း ပြောကြားခဲ့ပါသည်။[27] လက်ရှိတွင် အကြမ်းဖက်စစ်တပ်မှ စစ်ကြောင်းထိုးတိုက်ခိုက်နေသော စစ်ကိုင်းတိုင်းဒေသကြီးရှိ ခင်ဦးမြို့သူတစ်ဦးမှလည်း ရပ်ရွာထဲသို့ အကြမ်းဖက်စစ်ကောင်စီတပ်များ ဝင်လာလျှင် ဆန်များမီးရှို့ခံရမည် စိုးရိမ်သဖြင့် မြေမြှုပ်ခြင်း၊ ဘုန်းကြီးကျောင်းတွင် သိမ်းဆည်းခြင်းတို့ကို ပြုလုပ်ကြရပြီး စပါးထုတ်ရောင်း၍ လက်ထဲငွေကိုသာကိုင်ထားကြကြောင်း၊ စစ်သားများ ဝင်လာလျှင် ထွက်ပြေးကြရပြီး ပြန်ထွက်သည့်အချိန်မှ ရွာထဲပြန်ဝင်ရဲကြသည်ဟု သူမနေထိုင်ရာဒေသတွင်း နေထိုင်ရပုံကို ပြောကြားခဲ့ပါသည်။[28]

တိုက်ပွဲများပြင်းထန်ကာ အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ခံထားရသော နယ်မြေများတွင် ပြည်သူများ အနေဖြင့် အကြမ်းဖက်စစ်ကောင်စီမှ ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အသက်အန္တရာယ် ခြိမ်းခြောက်မှုများအား နေ့စဉ်ကြုံတွေ့ ခံစားနေရလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒေသခံ ရွာသူ၊ ရွာသားများမှာ စိုးရိမ်စိတ်၊ အကြောက်တရားများဖြင့် ကျီးလန့်စာစား အဖြစ်သို့ရောက်ရှိကာ စိတ်ကျန်းမာရေးနှင့် ပတ်သက်ဆက်နွှယ်သော နောက်ဆက်တွဲဆိုးကျိုးများကိုလည်း ခံစားနေရကြောင်း သိရှိရပါသည်။ ဂန့်ဂေါမြို့ခံ တစ်ဦးမှ "**ယခုကာလအတွင်း စိုးရိမ်ကြောင့်ကြစိတ်များ မဖော်ပြနိုင်လောက်အောင် ကြီးမားပြီး မည်သည့်နေရာတွင် မည်သို့ဖြစ်ကြောင်းကိုမသိရ၍ ပိုမိုစိုးရိမ်ကြောက်ရွံ့နေရကြောင်း၊ နေ့စဉ်နှင့်အမျှ စိတ်နှင့်လူနှင့်မကပ်ဘဲ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်း မအိပ်ရသည့် အဖြစ်မျိုး ကြုံတွေ့ရသည်ဟု အင်တာနက်ဖြတ်တောက်ခံထားရသော အချိန်**

[27] အင်တာဗျူးမှ ပြောကြားချက်များအရ သိရသည်။

[28] အင်တာဗျူးမှ ပြောကြားချက်များအရ သိရသည်။

**အတောအတွင်း သူမခံစားရသော စိတ်ခံစားမှုများအကြောင်း”** ဆက်သွယ်မေးမြန်းရာတွင် ယခုကဲ့သို့ ဖြေဆိုခဲ့သည်။[29]

### (၄.၄) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားသော ကဏ္ဍများတွင် ထိခိုက်ဆုံးရှုံးမှုများ

ကိုဗစ်ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းနှင့် စစ်တပ်အာဏာသိမ်းခြင်း နှစ်ရပ်အား တစ်ပြိုင်တည်း ခံခဲ့ရသော မြန်မာနိုင်ငံသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအပြင် အဖက်ဖက်မှ တဖြည်းဖြည်း ယိုယွင်းပျက်စီးနေပြီဖြစ်သည်။ ကျရှုံးနိုင်ငံအဖြစ်သို့ ကူးပြောင်းနေပြီဖြစ်သော မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ ဘဝရှေ့ရေးများအတွက် အွန်လိုင်းပညာရေးသည် အဓိက အခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။ သို့သော်လည်း အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီး နောက်ပိုင်း ၎င်းတို့ စစ်ကြောင်းထိုးရာ နယ်မြေများတဝိုက် အင်တာနက်လိုင်းများအား လအတန် ကြာ ဖြတ်တောက်ထားခြင်းကြောင့် ဒေသခံ ကျောင်းသူ၊ ကျောင်းသား၊ လူငယ်များအနေဖြင့် ပညာရေးအား ဆက်လက်သင်ကြားနိုင်ရန် အခက်ကြုံလျက်ရှိသည်ကို တွေ့ရှိရသည်။ ယင်းမာပင်မြို့နေ ကျောင်းသူတစ်ဦးမှ ***“ပညာရေးဘက်မှာဆိုရင် အားလုံးသိကြတဲ့အတိုင်းပဲ ညီမ တို့နိုင်ငံမှာ အာဏာမသိမ်းခင်မှာ ကိုဗစ်ဖြစ်တယ်။ ကိုဗစ်ဖြစ်တော့ ကျောင်းသားတွေက သူတို့ရဲ့ ရွာတွေမှာပြန်လာနေကြတာများတယ် အဲ့အချိန်မှာ တချို့ကျောင်းသားတွေဆိုရင် အွန်လိုင်းက နေ အတန်းတွေပြန် တက်ကြတာရှိတယ်။... အာဏာသိမ်းပြီးနောက်ပိုင်းမှာလည်း NUG က အွန်လိုင်းသင်တန်းတွေ၊ Program တွေ ဖွင့်ပေးတာတွေလည်း ရှိလာတော့ လူငယ်တွေက အဲ့ဒါတွေတက်ကြတယ်။ ဒါပေမယ့် အင်တာနက်တွေ ပြတ်သွားတဲ့ နောက်ပိုင်းမှာ ဒီပညာရေးကို ဘယ်လိုမှရှေ့ဆက်လို့ မရတော့ဘူး ဖြစ်သွားတယ်။ ကိုယ့်ကိုကိုယ်တောင် မြောက်ကိုရီးယားကို ရောက်နေတယ်လို့ ခံစားရတယ်။”*** ဟုသူမတို့ဒေသ၏ လက်ရှိ ပညာရေးနှင့်ပတ်သက်သော အခြေအနေအား ပြောဆိုခဲ့သည်။

[29] အင်တာဗျူးမှ ပြောကြားချက်များအရ သိရသည်။

*ပညာရေးဘက်မှာဆိုရင် အားလုံးသိကြတဲ့အတိုင်းပဲ ညီမတို့နိုင်ငံမှာ အာဏာမသိမ်းခင်မှာ ကိုဗစ်ဖြစ်တယ်။ ကိုဗစ်ဖြစ်တော့ ကျောင်းသားတွေက သူတို့ရဲ့ ရွာတွေမှာ ပြန်လာနေကြတာများတယ် အဲ့အချိန်မှာ တချို့ကျောင်းသားတွေဆိုရင် အွန်လိုင်းက နေ အတန်းတွေပြန်တက်ကြတာရှိတယ်။... အာဏာသိမ်းပြီးနောက်ပိုင်းမှာလည်း NUG က အွန်လိုင်းသင်တန်းတွေ၊ Program တွေ ဖွင့်ပေးတာတွေလည်း ရှိလာတော့ လူငယ်တွေက အဲ့ဒါတွေတက်ကြတယ်။ ဒါပေမယ့် အင်တာနက်တွေ ပြတ်သွားတဲ့ နောက်ပိုင်းမှာ ဒီပညာရေးကို ဘယ်လိုမှ ရှေ့ဆက်လို့ မရတော့ဘူး ဖြစ်သွားတယ်။ ကိုယ့်ကိုကိုယ်တောင် မြောက်ကိုရီးယားကို ရောက်နေတယ်လို့ ခံစားရတယ်။ (ယင်းမာပင်မြို့နေကျောင်းသူတစ်ဦး)*

အထက်တွင်ဖော်ပြခဲ့သော အချက်အလက်များအား ကြည့် ခြင်းဖြင့် စစ်အာဏာသိမ်းခြင်း၏ နောက်ဆက်တွဲအဖြစ် မြန်မာပြည်နေ လူငယ်များအတွက် အသိပညာ၊ အတတ် ပညာများ လေ့လာသင်ယူရန် များစွာထိခိုက်ဆုံးရှုံးနေသည်။ အကျိုးဆက်များအနေဖြင့် ကလေးသူငယ်များမှာ ပညာသင်ကြားရန် အသက်အရွယ်အပိုင်းအခြားတစ်ခုသို့ ရောက်ရှိ နေသော်လည်း ပညာသင်ကြားနိုင်ခြင်း မရှိခြင်း၊ အလုပ်ခွင် သို့ အချိန်မတိုင်ခင် စောစီးစွာ ဝင်ရောက်လုပ်ကိုင်နေရခြင်းနှင့် အသက်မပြည့်ခင် အိမ်ထောင်ကျခြင်း အစရှိသည်များကို လေ့လာတွေ့ရှိရသည်။ လက်ရှိတွင် အကြမ်းဖက်စစ်တပ်မှ စစ်ကြောင်းထိုး တိုက်ခိုက်လျက် ရှိသော ခင်ဦးမြို့မှ CDM ကျောင်းသူတစ်ဦးအား မေးမြန်းစုံစမ်းရာတွင် ***"အင်တာနက်ဖြတ်ခံထား ရတာကြောင့် ထိခိုက်နစ်နာမှုတွေ ပြောရမယ်ဆိုရင် ပညာရေးက သင်ကြားတာတွေ လုံးဝရပ်ထားရတယ်။ အခုဆို မြို့ကကလေးတွေက အွန်လိုင်းက သင်လို့ရသေးတယ် ရွာမှာက လုံးဝသင်လို့မရတော့ဘူး။ မောင်လေးဆိုရင် မူကြိုတက်ရမှာ ၈ နှစ်ရှိနေပြီ၊ ခုထိဘာမှ မတက်ရသေးဘူး။ ညီမလေးက ၈ တန်းတက်ရမှာ လယ်ထဲပဲဆင်းနေရတယ်၊ ရွာထဲက တချို့ကလေးတွေဆိုလည်း ယောကျ်ားရတဲ့သူက ရကုန်ကြပြီ။"*** ဟု မျက်ရည်များစီးကျလျက် ပြောဆိုခဲ့သည်။

၂၀၂၁ ခုနှစ် တိုက်ပွဲများ ပြင်းထန်သော နယ်မြေများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ပြီး ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်လာသည်ဟု ဒေသခံပြည်သူများ၏ ပြောကြားချက်များအရ သိရှိရသည်။

## *ခင်ဦးမြို့မှ CDM ကျောင်းသူတစ်ဦး၏ ပြောကြားချက်*

*"အင်တာနက်ဖြတ်ခံထားရတာကြောင့် ထိခိုက်နစ်နာမှုတွေ ပြောရမယ်ဆိုရင် ပညာရေးက သင်ကြားတာတွေ လုံးဝရပ်ထားရ တယ်။ အခုဆို မြို့ကကလေးတွေက အွန်လိုင်းက သင်လို့ ရသေးတယ် ရွာမှာက လုံးဝသင်လို့မရတော့ဘူး။ မောင်လေးဆိုရင် မူကြိုတက်ရမှာ ၈ နှစ်ရှိနေပြီ၊ ခုထိဘာမှ မတက်ရသေး ဘူး။ ညီမလေးက ၈ တန်းတက်ရမှာ လယ်ထဲပဲဆင်းနေရတယ်၊ ရွာထဲက တချို့ကလေးတွေဆိုလည်း ယောကျ်ားရတဲ့သူက ရကုန်ကြပြီ။"*

ထို့အပြင် အကြမ်းဖက်စစ်တပ်မှ အပြစ်မဲ့ ပြည်သူများ၏ တောင်ယာ၊ ယာခင်းများအား မတရားမီးရှို့ ဖျက်ဆီးခြင်း၊ တောင်သူလယ်သမား များအား အကြောင်းမဲ့ ပစ်ခတ်၊ ဖိုးကြဲခြင်းများကို ပြုလုပ်လာသောကြောင့် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်နေသော ဒေသခံ ပြည်သူများအနေဖြင့် လယ်လုပ်ငန်းများ ပြန်လည် လုပ်ကိုင်နိုင်ရန် အလွန်ပင်အခက်ကြုံတွေ့နေရသည်။ ယင်းမာပင်ဒေသခံ တစ်ဦးမှ *"အင်တာနက်ဖြတ်လိုက်တဲ့နောက်ပိုင်း ကုန်ဈေးနှုန်းတွေလည်းမြင့်လာတယ်။ အဓိကကတော့ ကုန်သွယ်ရေးလမ်းကြောင်းကို ထိခိုက်လို့… အင်တာနက်ရတုန်းက ကုန်ကားသမားတွေက ဘယ်နေရာမှာ ဘာဖြစ်နေတယ်ဆိုတဲ့ သတင်းတွေကို သိရတော့ လမ်းမှာ တိုက်ပွဲဖြစ်နေတဲ့နေရာတို့၊ စစ်တပ်က ပိတ်ထားတာတို့ဆိုရင် တခြားလမ်းက ရှောင်လာကြတယ်။ နောက်ပိုင်း အင်တာနက်မရတော့ ကုန်ကားသမားတွေလည်း ဒီကို မလာရဲကြတော့ဘူး။ ရွာကဈေးသည်တွေလည်း မြို့ပေါ် ဈေးတက်မဝယ်ရဲကြတော့ဘူး။ အဲ့မှာ ကုန်ဈေးနှုန်းတွေအကုန် နှစ်ဆတက်ကုန်တာပဲ။ ခုနောက်ပိုင်းဆို လမ်းမှာ ဂိတ်တွေချပြီး ဖြတ်သွားဖြတ်လာမှန်သမျှကို မထင်ရင် မထင်သလို စစ်ဆေးတာတွေ လုပ်တယ်။ ကုန်ကားတွေကို စစ်ရင် ပါသမျှ ပစ္စည်းတွေ အကုန်ချပြီးစစ်တာပြီးရင် ကားပေါ်ပြန်တင်မပေးတော့ ကားသမားတွေက အလုပ်သမားတွေခေါ်ပြီး ပစ္စည်းတွေကို ပြန်တင်ရတယ်။ အဲ့မှာတင် အလုပ်သမားခတွေပါထပ်ပေးရတော့ ကုန်ဈေးနှုန်းတွေလည်း အကုန် ဆတိုးတွေနဲ့ တက်ကုန်တာပဲ။"* ဟု လက်တလော သူမနေထိုင်ရာ ဒေသတွင် မြင့်တက်လာသော ကုန်ဈေးနှုန်းများ၏ အကြောင်းရင်းများကို ယခုလို ပြောဆိုခဲ့သည်။ တစ်ဆက်တည်းတွင် ထိုဒေသအတွင်းနေထိုင်သူများ၏ အဓိကလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများအကြောင်း မေးမြန်းရာတွင် *"… ညီမတို့ရွာတွေမှာက ဘာထုတ်ကုန်မှမထွက်ဘူးလေ သီးပင်စားပင်ပဲ စိုက်ကြတာ။ ဒါပေမယ့် အခုကျ မျိုးစေ့သာချခဲ့ကြတာ နောက်ပိုင်းဟာတွေ ဘယ်သူမှ ဘာမှဆက်မလုပ်ရဲကြဘူး။ တစ်ခါတလေ ပေါင်းထိုးရင်းတောင် လေယာဉ်ပျံ ပျံလာလို့ ပုန်းကြရတယ်။ သူတို့က လူများရင် အပေါ်က ပစ်ချတယ်၊ တောစပ်နားက ယာခင်းတွေမှာ လူတွေစုပြီး*

*နေနေတာမြင်ရင် အပေါ်ကပစ်ချသွားရော။ ရွာထဲမှာ ဘယ်သူမှစီးပွားရေးလည်း ကောင်းကောင်း လုပ်လို့မရဘူး"* ဟု ပြန်လည်ဖြေကြားခဲ့သည်။

ထိုအကြောင်းအရာများနှင့် ဆက်စပ်၍ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့မှ အမျိုးသမီးတစ်ဦးမှလည်း *"ကုန်စည်စီးဆင်းမှုလည်းမရှိဘူး ဈေးလာရောင်းချတာတွေလည်း နည်းသွားတယ်။ ဟိုတလော ကဆို ကြက်ဥတောင် ဝယ်စရာမရှိဘူး၊ ရွာမှာ အသီးအရွက်တွေပဲ စားနေရတာ။ အလုပ်အကိုင် လည်းပြတ်သွားတယ်။ ဒီနှစ်နွေစပါးမစိုက်ရဘူး၊ နွေစပါးသာစိုက်ရရင် တစ်နှစ်စာလုံး ဖူလုံနိုင် တယ်။"* ဟု ၎င်းနေထိုင်ရာ ဒေသတွင်း အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီး နောက်ပိုင်း ကြုံတွေ့နေရသော စီးပွားရေး အကြပ်အတည်းများအား အသံအဖွဲ့မှ စစ်တမ်း ကောက်ယူရာတွင် ပြန်လည်ဖြေကြားခဲ့သည်။ အင်တာနက်လိုင်းများ အသုံးပြု၍ မရသော ကြောင့် ဒေသခံများအနေဖြင့် Mobile Banking နှင့် ဆက်နွယ်သော အခြားရောင်းဝယ်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်စားသောက်ရန် ခက်ခဲလာသည့်အတွက် CDM ဝန်ထမ်းများ အနေဖြင့် နေထိုင်စားသောက်ရန်ပင် အလွန်အခက်တွေ့နေကြောင်း သိရသည်။

> *"... ညီမတို့ရွာတွေမှာက ဘာထုတ်ကုန်မှ မထွက်ဘူးလေ သီးပင် စားပင်ပဲ စိုက်ကြတာ။ ဒါပေမယ့် အခုကျ မျိုးစေ့သာချခဲ့ကြတာ နောက်ပိုင်းဟာတွေ ဘယ်သူမှ ဘာမှဆက်မလုပ်ရဲကြဘူး။ တစ်ခါတလေ ပေါင်းထိုးရင်းတောင် လေယာဉ်ပျံ ပျံလာလို့ ပုန်းကြရ တယ်။ သူတို့က လူများရင် အပေါ်က ပစ်ချတယ်၊ တောစပ်နားက ယာခင်းတွေမှာ လူတွေစုပြီး နေနေတာမြင်ရင် အပေါ်ကပစ်ချသွား ရော။ ရွာထဲမှာ ဘယ်သူမှစီးပွားရေးလည်း ကောင်းကောင်း လုပ်လို့မရဘူး"*
>
> *(ယင်းမာပင်ဒေသခံတစ်ဦး)*

*"စီးပွားရေးမပြေလည်တော့ အဓိက လက်လုပ်လက်စားသမားတွေ ပိုပြီး အခက်အခဲတွေနဲ့ ရင်ဆိုင်ရတယ်။ နောက်ထပ် ခက်ခဲကြတာကတော့ CDM ဝန်ထမ်းတွေပဲ။ အာဏာသိမ်းပြီး နောက်ပိုင်း CDM ဝန်ထမ်းတွေကို ညီမတို့ရွာကလူတွေက အစမှာပဲ ထောက်ပံ့နိုင်ကြတာ နောက်ပိုင်း သူတို့ ရေရှည်ရပ်တည်ဖို့ အတွက်ကျ ဘာမှမလုပ်ပေးနိုင်ဘူး။ နောက်တစ်ခုက ညီမတို့ နယ်ဘက်တွေမှာနေတဲ့ အစိုးရဝန်ထမ်းတွေက ဆိုရှယ်မီဒီယာကို ကောင်းကောင်း အသုံးမချတတ်တော့ အင်တာနက်ရကတည်းက ဘယ်အဖွဲ့အစည်းဆီကမှ အထောက်အပံ့ မရခဲ့ဘူး။... ဒီ NUG အစိုးရဆိုရင်လည်း CDM ကျောင်းဆရာ ၊မတွေအတွက် ဘာတွေလုပ်တယ်၊*

***ဘာတွေပေးတယ် ဘားဂျက်တွေချပေးတယ်ဆိုတာ စာရင်းသာထွက်လာတယ် ညီမတို့ရွာဘက်တစ်ကြောလုံးတော့ မရဘူး။ ဘယ်ဒေသတွေကို သူတို့ ပေးလဲတော့ မသိဘူးပေါ့နော်။ ညီမတို့ဘက်က CDM ဝန်ထမ်းတွေတော့ ခုထိ တပြားတစ်ချပ်မှ မရဘူး။ ဒါတွေကို နားလည်တဲ့ လူငယ်တချို့က CDM ဝန်ထမ်းတွေကို NUG နဲ့ ချိတ်ဆက်ဖို့ ကူညီပေးမယ့် အချိန်မှာ အင်တာနက်တွေဖြတ်ခံလိုက်ရတာပဲ"*** ဟု ယင်းမာပင်ဒေသရှိ CDM ဝန်ထမ်းများ၏ ကြုံတွေ့နေရသော အခက်အခဲများနှင့် NUG အစိုးရ၏ စီမံခန့်ခွဲမှု အားနည်းချက် များအား ဒေသခံတစ်ဦးမှ ယခုလို ထောက်ပြ ဖြေဆိုခဲ့သည်။

## အခန်း(၅) အင်တာနက်ဖြတ်တောက်ခြင်းနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများ

အင်တာနက် ဖြတ်တောက်မှုနောက်ကွယ်တွင် အာဏာသိမ်းစစ်တပ်၏ အနိုင်ကျင့်ယုတ်မာမှုများကို တွန်းလှန်နေသည့် ဒေသခံပြည်သူများကို မတရားဖမ်းဆီးခေါ်ဆောင်ခြင်းများ၊ နှိပ်စက်ညှင်းပန်းမှုများ၊ ရွာလုံးကျွတ်မီးရှို့မှုများ၊ ပြည်သူပိုင်ပစ္စည်းဥစ္စာများကို လုယူဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ အိမ်များကိုချိတ်ပိတ်ခြင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်သတ်ဖြတ်ခြင်းများ၊ အုပ်စုလိုက်မီးရှို့သတ်ဖြတ်ခြင်းများ စသည့်လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။ ၂၀၂၂ ခုနှစ်ထဲတွင်လည်း စစ်အာဏာရှင်ဆန့်ကျင်တိုက်ဖျက်ရေး အားကောင်းသည့် ထိုဒေသများကို ဆက်လက်၍ အင်တာနက်လိုင်းများ ပိတ်ထားပြီး အရပ်သားပြည်သူများကို ရာဇဝတ်သားများသဖွယ် အကြမ်းဖက် နှိမ်နင်းခြင်းများကို ထုတ်နှုတ်လေ့လာတင်ပြသွားပါမည်။

### (၅.၁) အပြစ်မဲ့ပြည်သူများကိုပါ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း

ဒေသတွင်း ခုခံကာကွယ်ရေးတပ်များအားကောင်းသည့် နယ်မြေများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း ၊ချင်းပြည်နယ်နှင့် ကယားပြည်နယ် (ကရင်နီ)တို့ရှိ ဒေသများကို အကြမ်းဖက်စစ်ကောင်စီမှ အင်တာနက်လိုင်းများဖြတ်တောက်ထားပြီး လူမဆန်စွာ ဖိနှိပ်သတ်ဖြတ်နေသည်ကို လေ့လာတွေ့ရှိရသည်။ ၂၀၂၂ ခုနှစ်အတွင်း ဇန်နဝါရီလမှစ၍ ယနေ့အချိန်ထိ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရသည့် ဖြစ်စဥ်များစွာရှိနေသည်ကို နေ့စဥ်လေ့လာစောင့်ကြည့်ရရှိသည့် သတင်းအချက်အလက်များနှင့် အင်တာဗျူးမေးမြန်းမှုမှ တဆင့် လေ့လာသိရှိရသည်။ အင်တာနက်ဖြတ်တောက်ခံထားရသည့် စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့၊ သစ်ဆိမ့်ကြီးကျေးရွာတွင် အကြမ်းဖက်စစ်ကောင်စီ၏ တပ်သားများ ရေကြောင်းမှတဆင့် ရောက်ရှိလာပြီးနောက် အသက် ၁၇ နှစ် မှ ၅၀ နှစ်ဝန်းကျင်ရှိသည့် အမျိုးသား ၆ ဦးကို ဇန်နဝါရီ လ ၂၉ ရက်နေ့တွင် လက်နောက်ပြန်ကြိုးတုပ်ကာ နှိပ်စက်မီးရှို့သတ်ဖြတ်ခဲ့သည်။ ရွာသားများအားလုံး ထွက်ပြေး တိမ်းရှောင်ခဲ့ကြသော်လည်း ထိုအမျိုးသား ၆ ဦးကို စစ်သားများဖမ်းဆီး၍ လမ်းပြအဖြစ်ခေါ်ဆောင်သွားပြီးမှ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။[30]

ဇန်နဝါရီလ ၁၆ ရက်နေ့တွင်လည်း စစ်သားများက ကန့်ဘလူမြို့နယ်၊ ပလူသာရွာကို စီးနင်းဝင်ရောက်ခဲ့ပြီး ပလူသာရွာတွင်နေထိုင်သည့် မန်ကျည်းရွာသား ဦးမောင်ညွန့်အား ရွာသားငါးဦးနှင့်အတူ ဖမ်းဆီးခဲ့ပြီး ၂၄ရက်နေ့တွင် တောတွင်းတနေရာ၌ ဦးခေါင်းဖြတ်၊ မီးရှို့သတ်ဖြတ်ခဲ့

[30] ဝက်လက်မှာ လက်ပြန်ကြိုးနဲ့ မီးရှို့ခံထားရသူ ခြောက်ဦး အလောင်းတွေ့. (2022 February 4). *RFA Burmese.* https://www.facebook.com/39218993127/posts/10161638658273128

သည်။ ကျန်ရွာသား ၅ ဦးမှာ မိသားစုတွင် PDF နှင့်အဆက်စပ်မရှိသဖြင့် လွတ်မြောက်ခဲ့သော်လည်း ထိုရွာသားများက ဦးမောင်ညွန့်၏ ညီမသည် PDF ဟုပြောခဲ့သောကြောင့် အသတ်ခံခဲ့ရခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းမှ လူငယ်တဦးကို ဆက်သွယ်မေးမြန်းရာတွင် *"ဒီအင်တာနက်ဖြတ်တောက်ထားတဲ့ ကြားထဲမှာ အကြမ်းဖက်စစ်တပ်က လက်ရှိအခြေအနေထိ ကျူးလွန်နေတဲ့ ပြစ်မှုတွေဆိုရင် အများကြီးပဲ လူတွေကို နောက်ပြန်ကြိုးတုပ်ပြီး အရှင်လတ်လတ်မီးရှို့ သတ်တာတွေ။ အဲ့ရွာက ကျွန်းတောလား အုန်းတောလားတော့ မမှတ်မိတော့ဘူး ဒီမုံရွာ-ပုသိမ် လမ်းမကြီးပေါ်မှာ အဲ့ရွာရှိတယ်။ အဲ့မှာဆိုရင် ရွာသားတွေ အဖွဲ့လိုက်ကြီးကို လက်ပြန်ကြိုးတုပ်ပြီး မီးရှို့တာတွေ၊ သစ်ပင်မှာ ကြိုးနဲ့ချည်ပီး မီးရှို့သွားတာတွေ ရှိတယ်။ အရှင်လတ်လတ်ကြီးတွေကွာ သူတို့မထင်ရင်မထင်သလို နောက်ဆုံး လမ်းမကြီးဘေး လယ်စိုက်နေတဲ့လူတွေကို သေနတ်နဲ့ပစ်သတ်သွားတယ်။ သူတို့ကို တော်လှန်နေတာလည်းမဟုတ်ဘူးလေ၊ ကိုယ့်ဘာသာလယ်စိုက်နေတဲ့သူတွေ ပစ်သတ်သွားတယ်။"* ဟုပြောကြားခဲ့ပြီး စစ်တပ်၏ အကြမ်းဖက်မှုများကို မှတ်တမ်းမှတ်ရာအနေဖြင့် ကြားသိခဲ့ရသည်။ ထို့အပြင် ရခိုင်စစ်ပွဲအတွင်းကျူးလွန်ခဲ့သည့်အတိုင်း[31] အားကစားဘောင်းဘီအရှည်ဝတ်သည့် ပြည်သူမှန်သမျှကို PDF ဟုစွပ်စွဲကာ ဖမ်းဆီးသတ်ဖြတ်ခံနေရကြောင်း အင်တာဗျူးဖြေကြားချက်အရ လေ့လာသိရှိရသည်။ ဒေသကာကွယ်ရေးတပ်များဖြင့် စစ်ပွဲများ ပြင်းထန်စွာဖြစ်ပွားသည့် ကရင်နီပြည်နယ်၊ ဒီမော့ဆို၊ ဖရူဆိုမြို့နယ်တို့ရှိ ကျေးရွာများအတွင်း ဝင်ရောက်ကာ စစ်တပ်က သာမာန်အရပ်သားပြည်သူများ၊ အသက်မပြည့်သေးသည့် ကလေးငယ်များအား အကြောင်းမရှိဖမ်းဆီး၊ နှိပ်စက်သတ်ဖြတ်ခြင်း၊ လက်နက်ကြီးကျ သေဆုံးရသည့် ဖြစ်စဥ်တချို့ကို ဒေသခံပြည်သူတချို့၏ အွန်လိုင်းမှတွေ့ဆုံပြောကြားချက်များအရ အထောက်အထားနှင့်တကွ ကြားသိခဲ့ရသည်။ ဤကဲ့သို့သော စစ်တပ်၏သတ်ဖြတ်ခံရခြင်းမှာ နေ့စဥ်နှင့်အမျှ ကြုံတွေ့နေရပြီး အင်တာနက်ပြတ်တောက်နေခြင်းကြောင့် သတင်းမီဒီယာများဆီ မရောက်ဘဲ လူမသိသူမသိ သတ်ဖြတ်ခံရခြင်းများလည်း များစွာရှိနေနိုင်သေးသည်။

## (၅.၂) လူနေအိမ်များနှင့် ရွာလုံးကျွတ်မီးရှို့ခံရခြင်းများ

ဇန်နဝါရီလ ၁၈ ရက်နေ့ မကွေးတိုင်း ဂန့်ဂေါခရိုင်၊ အိမ်ခြေ ၂၀၀ ခန့်ရှိသည့် စမ်းမြို့ရွာတွင် လက်နက်ကြီး၊ မောင်းပြန်များနှင့် တရစပ်ပစ်ခတ်ဝင်ရောက်လာကာ အိမ်ခြေ ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးသွားခဲ့ကြပြီး ဒေသခံ ၁,၀၀၀ ကျော်လည်း နီးစပ်ရာလွတ်ရာဒေသများသို့ တိမ်းရှောင်ထွက်ပြေးခဲ့ကြရသည်။[32] ဂန့်ဂေါမြို့နယ်၊ မိုးစိုရွာနှင့်ချောင်းကောက်ရွာကို မတ်လ ၂၂ ရက်နေ့တွင်

---

[31] AA အားကစားဝတ်လှုပ်ရှားဟု တပ်မတော်ပြောဆိုချက် ရခိုင်တိုင်းရင်းသားများ ဝေဖန် (2019 March 28). *The Irrawaddy.* https://burma.irrawaddy.com/news/2019/03/28/187722.html

[32] စန်းမြို့ရွာက အိမ်ခြေ ၁၀၀ ခန့်မီးရှို့ဖျက်ဆီးခံရ. (2022, January 19). *RFA Burmese.* https://www.facebook.com/39218993127/posts/10161606577853128

စစ်တပ်က ဝင်ရောက်မီးရှို့ခဲ့ပြီး မိုးစိုရွာတွင် ဘုန်းကြီးကျောင်းနှင့် အိမ်တအိမ်သာကျန်ခဲ့ခြင်း၊ ၂၃ ရက်တွင် လူးတားသာစည်ရွာ၊ ၂၄ ရက်နေ့တွင် မွှေ့လယ်ရွာတို့ကိုမီးရှို့ခဲ့ကြောင်း ဒေသခံများကို အင်တာဗျူး ဆက်သွယ်မေးမြန်းခြင်းမှတဆင့် သိရသည်။ ထို့အတူ အင်တာနက်လိုင်း ဖြတ်တောက်ခြင်းခံထားရသည့် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ လေှာ်ကားရွာနှင့် ကိုင်းတွင်းရွာ ၂ ရွာကို ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် နေအိမ် ၇၀၀ ဝန်းကျင် မီးရှို့ဖျက်ဆီးခံလိုက်ရသည်။ အစောပိုင်းရက်များအတွင်း ရွာထဲသို့ စစ်သားများဝင်ရောက်လာမှုကြောင့် ဒေသခံများသည် အနီးအနားရှိရွာများသို့ တိမ်းရှောင်ကာ အခြေအနေကိုစောင့်ကြည့်ခဲ့ပြီး အိမ်ခြေ ၁,၀၀၀ ခန့်ရှိသည့် လေှာ်ကားရွာမှ လူနေအိမ် ၅၀၀ ခန့် မီးရှို့ခံခဲ့ရပြီး အိမ်ခြေ ၂၆၀ ခန့်ရှိသည့် ကိုင်းတွင်းရွာမှ လူနေ အိမ်အလုံး ၂၀၀ ခန့်မီးရှို့ဖျက်ဆီးခံခဲ့ရသည့်အပြင် အိမ်ထဲရှိပစ္စည်းများကိုပါ ယူဆောင်သွားကြောင်း ဒေသခံတဦး၏ RFA သတင်းဌာနအားပြောကြားချက်အရ သိရှိရသည်။[33] ဇန်နဝါရီလ ၃၁ ရက် နေ့တွင် မင်းကင်းမြို့နယ်၊ ဘင်ရွာနှင့် အုန်နဲ့ဘုတ်ရွာ ၂ ရွာအား စစ်တပ်နှင့် ပျူစောထီးအဖွဲ့ဝင်များက ပြာကျသည်အထိ မီးရှို့ဖျက်ဆီးခဲ့ကြသည်။ အလားတူ စစ်တပ်၏ ပြည်သူပိုင်အိုးအိမ်ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးခံနေရမှုများသည် နေ့စဉ်နှင့်အမျှ ဒုက္ခခံစားနေရသည့် ပြည်သူများကို အမျက်ပိုထွက်စေပြီး နွေဦးတော်လှန်ရေး အားကောင်းစေရန် တွန်းပို့နေသည်။[34] အပြစ်မဲ့အရပ်သားပြည်သူများကို ဦးတည်ဖြိုခွင်းနေသည့် စစ်တပ်သည် စစ်ရာဇဝတ်မှုများကို လိုင်စင်ရလုပ်ငန်းကဲ့သို့ ကျူးလွန်နေမှု ရေချိန်သည် နေ့စဉ်ရက်ဆက် တနိုင်ငံလုံး အနှံ့ကြားရ၊ မြင်တွေ့နေရသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာ အတိပင်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃) ရက်အတွင်း စစ်ကောင်စီတပ်နှင့် လက်အောက်ခံအဖွဲ့အစည်းများက မီးရှို့၍ ပျက်စီးသွားသည့် လူနေအိမ်ပေါင်း ခန့်မှန်းခြေ ၉,၁၈၇ လုံးရှိကြောင်း သိရသည်။[35]

## (၅.၃) အရပ်သားပြည်သူများကို မတရားဖမ်းဆီးခြင်းများ

စစ်ကောင်စီတပ်သားများသည် ဒေသ PDF တပ်များနှင့်ဆက်သွယ်သည်ဟု သံသယဖြင့် စွပ်စွဲကာ စိတ်ထင်တိုင်း ရိုက်နှက်စစ်ဆေးခြင်းများလည်း ပြုလုပ်ပြီး မတရားဖမ်းဆီးခံထားရသည့် ပြည်သူများစွာရှိနေသည်။ ရွာတစ်ရွာမှ တစ်ရွာသို့ ကူးသန်းသွားလာသည့်အခါတွင်သော်လည်းကောင်း၊

[33] ပုလဲမြို့နယ်က ရွာနှစ်ရွာမှာ အိမ်ခြေ ၇၀၀ ခန့် မီးရှို့ခံရ. (2022 February 5) *RFA Burmese.* https://www.facebook.com/39218993127/posts/10161640986628128

[34] မင်းကင်းမှာ အာဏာသိမ်းစစ်တပ်မီးရှို့လို့ ရွာနှစ်ရွာ ရွာလုံးကျွတ်ပြာကျ၊ ကင်းရွာမှာလည်း ပျောက်ဆုံးနေသူတွေရှိ. (2022 January 31). *Mawkun Magazine.* https://www.facebook.com/278607422252157/posts/4739610079485180

[35] Number of Houses burned down by Myanmar's military. *Data for Myanmar.* https://www.datawrapper.de/_/jXRPW/

စစ်သားများရွာထဲဝင်၍ စစ်ဆေးမေးမြန်းသည့်အခါတွင်လည်းကောင်း၊ မသင်္ကာလျှင် ဖမ်းဆီးခေါ်ဆောင်ခြင်းခံကြရသည်။ မတ်လ ၅ ရက်နေ့တွင် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်တွင် စစ်တပ်မှ ခန့်ထားသော ကျေးရွာအုပ်ချုပ်ရေးမှူး အသတ်ခံရသည့် ကိစ္စနှင့်ပတ်သတ်၍ ဒလန်၏ သတင်းပေးမှုကြောင့် ဒေသခံ အရှိုချင်းလူငယ်များအား လာရောက်ဖမ်းဆီးခဲ့ပြီး အချို့မှာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း အမျိုးသမီးများအပါအဝင် လူငယ် ၃၀ ဦးခန့်သည် ဖမ်းဆီးခံခဲ့ရကာ မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို မသိရချေ။[36] မတ်လ ၂၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ် ရွာထောင်နှင့် လေးရွာတွင် ဒေသခံအမျိုးသား ၃၀ ဦး ခန့် ဖမ်းဆီးခံခဲ့ရသည်။ ဒေသကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းမရှိဘဲ အရပ်သားများ နေထိုင်ရာရွာထဲကို လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ပြီး ရွာထဲသို့ စစ်သားအင်အား အယောက် ၁၀၀ ခန့်ဝင်လာချိန်တွင် အထိတ်တလန့် မြို့ပေါ်ကိုထွက်ပြေးရင်း ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။[37] ဇန်နဝါရီလ ၃၁ ရက်နှင့် ဖေဖော်ဝါရီလ ၁ ရက်နေ့တို့တွင် စစ်သားများနှင့် ပျူစောထီး တပ်ဖွဲ့ဝင်များသည် မင်းကင်းမြို့နယ်ရှိ မြစ်ရိုးအောက်ရွာများဖြစ်သည့် အနောက်တောရွာ၊ ဘင်ရွာ၊ အုန္နဲဘုတ်ရွာများကို ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူ ၃၀ ကို ဓားစာခံ လူသားဒိုင်းအဖြစ်အသုံးချရန် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းလည်း တွေ့ရှိရသည်။[38] ယင်းမာပင် အနောက်ဖက်ခြမ်းမှ ပြည်သူတဦး၏ အင်တာဗျူးပြောကြားချက်အရ ပိုက်ဆံရှိမည်ဟု ထင်ရသည့်လူငယ်များအား ဖမ်းဆီးငွေညှစ်ခြင်း၊ ဖမ်းဆီးခံရပြီး ပြန်လွတ်လာသည့်သူများသည် စိတ်ပိုင်းဆိုင်ရာ မကျန်းမာခြင်းများ ကြုံတွေ့ရကြောင်း တွေ့ရသည်။ အင်တာနက်များ ဖြတ်တောက်ခံနေရသည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းရှိ ဒေသများနှင့် ကရင်နီဒေသများတွင် ယခင်ကကဲ့သို့ ရွာထဲသို့စစ်ကြောင်းဝင်ရောက်လာသည့် တချို့ရွာများရှိပြည်သူများက အချင်းချင်းသတင်းပေးပို့ခြင်း၊ ဖေ့စ်ဘုတ်လူမှုကွန်ရက်ပေါ်တွင် သတင်းတင်ခြင်းများ မလုပ်နိုင်တော့ဘဲ သတင်းအချက်အလက် ပျံ့နှံ့မှုများစွာ နှောင့်နှေးသွား၍ ကြိုတင်တိမ်းရှောင်ချိန်မရှိဘဲ ယခုလို မတရားဖမ်းဆီးခံနေရမှုနှုန်းများသည် တဖြည်းဖြည်း မြင့်တက်လာရခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

[36] တောင်တွင်းကြီးမှ အရှိုချင်းလူငယ် ၃၀ နီးပါးကို စစ်တပ်ဖမ်းဆီး. (2022 March 7). *Myanmar Pressphoto Agency.* https://www.facebook.com/874334009274294/posts/7185126921528273

[37] ယင်းမာပင်က ဒေသခံအမျိုးသား ၃၀ ကျော် ဖမ်းဆီးခံရ. (2022 March 22). *RFA Burmese.* https://www.facebook.com/39218993127/posts/10161722908783128

[38] မင်းကင်းမြို့နယ်၊ ရွာသုံးရွာအား စစ်တပ်က မီးရှို့၊ ဒေသခံ ၃၀ ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီး. (2022 February 3). *Democratic Voice of Burma.* http://burmese.dvb.no/archives/514973?fbclid=IwAR2Yq_XuAOQYxF65xClEEUil1BJ9niW9SVNoqWSa0ZqE7tfrklSSSJVygJk

## (၅.၄) အမျိုးသမီးများအား အကြမ်းဖက်မုဒိမ်းကျင့်သတ်ဖြတ်ခြင်းများ

ဧပြီလ ၄ ရက်နေ့တွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ ထယ်လှော်ကျေးရွာနေ သားအဖ ၂ ယောက်ကို တောထဲသွားချိန် ဖမ်းဆီးခံခဲ့ရပြီး သမီးဖြစ်သူ အသက် ၁၄ နှစ်အရွယ်ကို စစ်ကောင်စီတပ်သားများက နေအိမ်တွင် မုဒိမ်းကျင့်ကာ ၂ ဦးစလုံးအား လက်ပြန်ကြိုးတုပ်ကာ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ကြသည်။ တောထဲတွင် ထွက်ပြေးပုန်းရှောင်နေကြသော ဒေသခံရွာသားများက အဆိုပါကလေးမနှင့် အဖေဖြစ်သူ၏ အော်ဟစ်သံ၊ ငိုယိုသံများကြားရကြောင်း RFA သတင်းဌာနအား ပြောကြားခဲ့သည်။[39] "*ဝမ်းထဲကနေ တော်တော်ခံစားရတယ်ရှင့်၊ အဖေက အရှေ့ခန်းမှာ၊ သမီးက အနောက်ခန်းမှာ။ အဲ့ဒါ မုဒိမ်းကျင့်ပြီးမှ လုပ်တယ်ဆိုတော့ ဖအေကလည်း အော်တယ်လေ၊ သူ့သမီးကိုဆိုတော့ အဲ့ဒါ သတ်ပစ်တာတဲ့ရှင့်၊ သတ်ပြီးကာမှ မီးရှို့ခဲ့တာတဲ့ရှင့်*" ဟု ကလေးငယ်၏ အဒေါ်က ပြောကြားခဲ့သည်။[40] ဧပြီလ ၅ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ကျော်ရွာတွင် တပ်စွဲထားခဲ့သည့် စစ်သားများသည် အသက်မပြည့်သေးသည့် ၁၄ နှစ်နှင့် ၁၆ နှစ်အရွယ်နှင့် ကလေးငယ် ၂ ဦးအပါအဝင် အသက် ၃၅ နှစ်ဝန်းကျင် အမျိုးသမီးတို့ကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သည်။[41] အင်တာနက်ဖြတ်တောက်ခံထားရသည့် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်ရှိ ကျေးရွာများတွင်လည်း မပြေးနိုင်တော့သည့် အဖွားအိုများနှင့် စိတ်ကျန်းမာရေးအားနည်းသည့် အမျိုးသမီးများကိုလည်း စစ်သားများဝိုင်းဖွဲ့မုဒိမ်းကျင့်ကာ သတ်ဖြတ်ပစ်ထားခဲ့သည့် ဖြစ်စဥ်ကိုအင်တာဗျူးပြောကြားချက်အရ သိရသည်။[42]

စစ်တပ်သည် အာဏာသိမ်းပြီးကတည်းက သတင်းအချက်အလက် စီးဆင်းမှုကို ဖြတ်တောက်နိုင်ရန်အတွက် ဆက်သွယ်ရေးဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများကို ဖြတ်တောက်ခြင်းသာမက စစ်ရေးအရ အသာစီးရရန် ရည်ရွယ်၍လည်း ဒေသဆိုင်ရာ အင်တာနက်လိုင်း၊ ဖုန်းလိုင်းဖြတ်တောက်ထားခြင်းသည် အရပ်သားပြည်သူများကို ဦးတည်တိုက်ခိုက်သည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ စစ်အာဏာသိမ်းမှုကြောင့် အလုံးစုံနီးပါး ပျက်စီးနေသော ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် အခြားဆက်စပ်သော အခွင့်အရေးများ ဆုံးရှုံးနေကြသည့် ပြည်သူများအဖို့ အင်တာနက်ဖြတ်တောက်မှုကြောင့် အွန်လိုင်းပညာရေးများအပါအဝင် ကျန်းမာရေးနှင့် လူမှုစီးပွားအတွက်ပါ သတင်းအချက်အလက်များ လက်လှမ်းမမီတော့ဘဲ အခြေခံလူ့ရပိုင်ခွင့်များအားလုံး ဆုံးရှုံးနစ်နာလျက်ရှိသည်။

[39] ဂန့်ဂေါမှာ ၁၄ နှစ်သမီးကို စစ်ကောင်စီတပ်သားတွေ အဓမ္မကျင့်ပြီး မီးရှို့သတ်ဟု မိသားစုဝင်တွေပြော. (2022 April 12). *RFA Burmese.* https://www.facebook.com/39218993127/posts/10161762709433128

[40] Ibid.

[41] မင်းကင်းတွင် အမျိုးသမီး ၃ ဦးအား စစ်ကောင်စီ အဓမ္မပြုကျင့် သတ်ဖြတ်ဟု ထုတ်ပြန်. (2022 April 6). *The Irrawady.* https://www.facebook.com/121507374560090/posts/5555230781187695

[42]အင်တာဗျူးမှ ပြောကြားချက်များအရ သိရသည်။

## အခန်း (၆) အကြံပြုချက်များ

- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၁၉) အရ "လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင် နိုင်ငံနယ်နိမိတ်များ ခြားနားခြင်းမရှိဘဲ သတင်းအချက်အလက်များအား လွတ်လပ်စွာ ရှာဖွေ ဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်များလည်း ပါဝင်သည် ဟူသည့် အဓိပ္ပါယ်အရ အင်တာနက်လွတ်လပ်ခွင့်သည်လည်း အခြေခံလူ့ရပိုင်ခွင့် တစ်ခုဖြစ်သည့်အလျောက် အင်တာနက်ကို အသုံးပြု၍ သတင်းအချက်အလက် ရယူ/ဖြန့်ချီခြင်းသည် လူသားအယောက်ချင်းစီတိုင်း၏ မွေးရာပါ လွတ်လပ်ခွင့်ဖြစ်သဖြင့် ကန့်သတ်ချိုးဖောက်ခြင်းများကို ရပ်တန့်ရမည်။
- နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကူညီထောက်ပံ့သည့် အဖွဲ့အစည်းများအနေဖြင့်လည်း အင်တာနက်ဖြတ်တောက်ခံထားရသော ဒေသများရှိ ပြည်သူများ၏ သတင်းအချက်အလက် ပုံမှန် ရရှိနိုင်ရေးနှင့် လိုအပ်သော အကူအညီများအားပေးရန် လွယ်ကူ မြန်ဆန်စွာ ကူညီနိုင်မည့် နည်းလမ်းများအား ပိုမိုအလေးထား ဆောင်ရွက်သင့်သည်။
- တယ်လီကွန်းကုမ္ပဏီများအနေဖြင့် အင်တာနက်ဖြတ်တောက်ခြင်းနှင့် သုံးစွဲသူ ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို နိုင်ငံတကာစံနှုန်းနှင့်အညီ အထူး လေးစားလိုက်နာ ဆောင်ရွက်ရမည်။
- အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ တယ်လီကွန်းကုမ္ပဏီများအား နိုင်ငံတကာ လူ့အခွင့်အရေးများ စံချိန်စံနှုန်းများနှင့် နိုင်ငံတကာ စည်းမျဥ်းများကို လေးစားလိုက်နာရန် အပြုသဘောဆောင်သော ဖိအားပေးမှုများ လုပ်ဆောင်သင့်သည်။

## သုတေသနနည်းလမ်း

ဤသုတေသန အစီရင်ခံစာသည် အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း အင်တာနက်နှင့် ဖုန်းလိုင်းများဖြတ်တောက်ကာ နိုင်ငံအတွင်းရှိ ဒေသတချို့တွင် သတင်းစီးဆင်းမှုများ ဖြတ်တောက်စေခဲ့ပြီး နောက်ကွယ်တွင် လူ့အခွင့်အရေး ဆိုးရွားစွာ ချိုးဖောက်နေမှုများအကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များနှင့် အွန်လိုင်းသတင်းမီဒီယာ ၄၈ ခုမှ သတင်းများအား အခြေခံ၍ မှတ်တမ်းတင်ရေးသားထားသော စာတမ်းတစ်စောင် ဖြစ်သည်။ ဤသုတေသနစာတမ်းအားရေးသားရာတွင် အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက် အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည့် ဒေသများဖြစ်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂန့်ဂေါမြို့မှ ဒေသခံ ၄ ဦး၊ ကယားပြည်နယ် ဒီမောဆိုမြို့မှ ဒေသခံ ၃ ဦး၊ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်၊ ကလေးမြို့နယ်နှင့် ယင်းမာပင်မှ ဒေသခံ ၃ ဦး၊ ကချင်ပြည်နယ် ဖားကန့်နှင့် ပူတာအိုမှ ဒေသခံ ၃ ဦးနှင့် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်မှ ဒေသခံ ၂ ဦး စုစုပေါင်း ၁၅ အား ဆက်သွယ်မေးမြန်း၍ သတင်းအချက်အလက်များကောက်ယူခဲ့သည်။

အထက်ဖော်ပြပါဒေသများတွင် အကြမ်းဖက်စစ်ကောင်စီမှ အင်တာနက်နှင့် ဖုန်းလိုင်းများကို အချိန်ကာလကြာမြင့်စွာ ဖြတ်တောက်ထားသော်လည်း အချို့သောနေရာများတွင် ရံဖန်ရံခါ အင်တာနက်နှင့် ဖုန်းလိုင်းများ ပြန်လည်အသုံးပြုနိုင်ကြောင်း သိရှိရသည်။ သို့သော်လည်း ဤသုတေသနစာတမ်းတွင် ၎င်းဒေသများအား အင်တာနက်နှင့် ဖုန်းလိုင်းများ ကာလကြာရှည်ဖြတ်တောက်ခံထားရသော နယ်မြေများအဖြစ်သတ်မှတ်ကာ ရေးသားထားသည်။

## သုတေသန စိန်ခေါ်ချက်

ယခုသုတေသနတွင် သတင်းအချက်အလက်များ စုဆောင်းရာတွင် အင်တာနက်ဖြတ်တောက်ခံထားရသော ဒေသခံများနှင့် ဆက်သွယ်မေးမြန်းမှု ပြုလုပ်ရခြင်းသည် အဓိက စိန်ခေါ်ချက်ဖြစ်သည်။ တိုက်ပွဲများပြင်းထန်ကာ သွားလာရအလွန်ခက်ခဲသော အချိန်အခါဖြစ်သည့်အတွက် သတင်းအချက်အလက်များကောက်ယူရာတွင် ဖော်ပြပါ ဒေသများသို့ ကိုယ်တိုင်သွားရောက်၍ စုံစမ်းမေးမြန်းမှုများ ပြုလုပ်နိုင်ခြင်း မရှိခဲ့ပါ။ မြေပြင်သတင်းအချက်အလက်များ စုဆောင်းရာတွင် လူတွေ့အင်တာဗျူးတစ်ခုသာ ပြုလုပ်နိုင်ခဲ့ပြီး ပြည်တွင်းဖုန်းလိုင်းများနှင့် online platform များကိုသာ အဓိကထား အသုံးပြု၍ အင်တာဗျူးများပြုလုပ်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီမှ ရည်ရွယ်ချက်ရှိရှိ အင်တာနက်ဖြတ်တောက်ထားသော နယ်မြေများဖြစ်သည့်အတွက် ဒေသခံပြည်သူများအား အွန်လိုင်းပေါ်မှ ဆက်သွယ်မေးမြန်းရာတွင် များစွာသော စိန်ခေါ်မှုများအား ကြုံတွေ့ခဲ့ရပါသည်။ ဥပမာအားဖြင့် သုတေသနအစတွင် အင်တာနက်ဖြတ်တောက်ခံထားရ

သော ပြည်နယ်များမှ ဒေသခံ ၃၀ ဦးအား ဆက်သွယ်မေးမြန်းရန် ယာထားခဲ့သော်လည်း ၁၅ ဦးမျှသာ ဆက်သွယ်နိုင်ခဲ့ခြင်း၊ အင်တာဗျူးရန် ချိန်းဆိုထားသောအချိန်တွင် ဒေသခံများဘက်မှ အင်တာနက်အခက်အခဲကြောင့် နောက်ရက်များတွင် ထပ်ခါထပ်ခါ ချိန်းဆိုရခြင်းများလည်း ရှိခဲ့ပြီး တချို့မှာ လုံးဝအဆက်အသွယ် ပြတ်တောက်သွားခဲ့ခြင်းများ ရှိသည်။ ဖုန်းလိုင်း 2G သာမိသည့် နေရာများမှ ဆက်သွယ်ရသော ဒေသခံများအား အင်တာဗျူးမေးမြန်းရာတွင် Online Messaging Application များနှင့် ဖုန်းပြောမေးမြန်းရန် မရသည့်အတွက် မေးခွန်းလွှာအား ဒေသခံများထံသို့ ပေးပို့၍ ၎င်းတို့ပြန်လည်ပေးပို့လာသော အဖြေလွှာများထဲတွင် ဖြေဆိုရေးသားပေးထားသည့် အချက်အလက်များကိုသာ လက်ခံရရှိပြီး နောက်ဆက်တွဲ မေးခွန်းများ (follow-up question) ဆက်လက်မေးမြန်းမရခြင်း၊ ထိုကဲ့သို့ ဆက်သွယ်မေးမြန်းရသည့်အတွက် quotation များယူရန် ခက်ခဲခြင်း အစရှိသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ ပါဝင်ကူညီဖြေဆိုသူများနှင့် ဆက်သွယ်မေးမြန်းသည့် သုတေသီများ၏ ဆိုင်ဘာလုံခြုံရေးအတွက် ဒီဂျစ်တယ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား နားလည်တတ်ကျွမ်းသူများနှင့် မိတ်ဖက်အဖွဲ့အစည်းအချို့တို့ဖြင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး စနစ်တကျအသုံးပြုမည့် နည်းလမ်းကို သေချာစိစစ်ရွေးချယ်၍ အသုံးပြုခဲ့သည်။ ယခုကာလသည် ဒေသခံပြည်သူများ၏ အသက်အန္တရာယ်နှင့် ဘေးကင်းလုံခြုံရေးကို ဦးစားပေးစဉ်းစားရမည်ဖြစ်သောကြောင့် ဤသုတေသနစာတမ်းအား ရေးသားပြုစုရာတွင် ပါဝင်ဆွေးနွေးဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များအား ဖော်ပြမထားခြင်းမရှိပေ။

## ကျမ်းကိုး

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ခရိုင်နှင့် မြို့နယ်အလိုက် ခန့်မှန်းလူဦးရေ စာရင်း (၂၀၁၄-၂၀၃၁). ၂၀၁၉ ဧပြီလ၊ ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်။




*You're not connected*

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့